# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ထီးလိုမင်းလိုဘုရားကြီး၏ အထက်ပစ္စယံမှ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆


ယနေ့ *ဖတ်စရာ*

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၃) မှတစ်ဆင့် ဥပဒေရေးရာအသိပညာများ တိုးမြင့်လာခြင်း — ဆောင်းပါး — စာ ၁၀

တိုင်ဖွန်းဆာအိုလာသည် စူပါတိုင်ဖွန်းအဖြစ်သို့ အားကောင်းလာ ဖိလစ်ပိုင်မြောက်ပိုင်း၌ မိုးသည်းထန်ပြီး လေပြင်းများ တိုက်ခတ်နိုင် — နိုင်ငံတကာသတင်း — စာ ၁၃

# မြန်မာ့အမွေအနှစ်၊ ကမ္ဘာ့အမွေအနှစ် ထာဝစဉ်တည်တံ့ရစ်စေရေး

ယခုနှစ်မေလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရှေးဟောင်းဘုရားနှင့် အဆောက်အအုံအချို့တို့တွင် ရေဝင်ရောက်မှုနှင့် ထိခိုက်ပျက်စီးမှုများ အနည်းငယ်ဖြစ်ပေါ်ခဲ့သည်။ သက်တမ်းနှစ်ပေါင်း ၁၀၀၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော ရှေးဟောင်းစေတီပုထိုး၊ ဂူကျောင်း အဆောက်အအုံများစွာတို့မှာ ခေတ်အဆက်ဆက်မှ လူသားတို့၏ ပယောဂများနှင့် ရာသီဥတုဒဏ်၊ သဘာဝဘေးအန္တရာယ်များကြောင့် မူလတည်ရှိခဲ့သော အရေအတွက်၏ ထက်ဝက်ခန့် လျော့နည်းသွားခဲ့ပြီဖြစ်သည်။

အနော်ရထာမင်းကြီးလက်ထက် ပုဂံကိုဗဟိုပြု၍ နိုင်ငံတော်ကြီး စည်ပင်ထွန်းကားခဲ့ရာတွင် သုဝဏ္ဏဘူမိဒေသမှ ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိလာခြင်းနှင့်အတူ မင်းနှင့်တကွ ပြည်သူတို့၏ ထက်သန်လှစွာသော သဒ္ဓါတရား၊ ပြည့်စုံကြွယ်ဝသည့် ဓနအင်အား၊ အိန္ဒိယအရှေ့ပိုင်းမှ ရောက်ရှိလာသည့် အနုပညာ၊ အတတ်ပညာများ ပေါင်းစပ်ကာ ပုဂံဒေသတွင် အံ့မခန်းဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်တို့က မိန့်ဆိုထားသည်။ ပုဂံဒေသ၏ ပတ်လည် မိုင် ၂၀ ခန့် အကျယ်အဝန်းနယ်နိမိတ်အတွင်း ပုဂံခေတ်တစ်လျှောက် စေတီပုထိုး ဂူကျောင်း အဆောက်အအုံပေါင်း ၅၀၀၀ ခန့် တည်ထားခဲ့သည်ဟု ခန့်မှန်းခဲ့ကြရာ နှစ်ပေါင်း ၁၀၀၀ ခန့်ကာလအတွင်း အရေအတွက် မည်မျှပျက်စီးယိုယွင်းပျောက်ကွယ်သွားခဲ့ပြီဆိုသည်ကို ကျန်ရှိနေသည့် သာသနိကအဆောက်အအုံများမှတစ်ဆင့် ခန့်မှန်းနိုင်ကြမည်ဖြစ်သည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည်။ ဘုရားတစ်ဆူချင်းအနေဖြင့်မဟုတ်ဘဲ ပုဂံဒေသတစ်ခုလုံးကို ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှုကော်မတီဝင် ၂၁ နိုင်ငံက ကန့်ကွက်မှုမရှိဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ဟိုတယ်များ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များမှာလည်း ကာလသတ်မှတ်ချက်ဖြင့် ဖယ်ရှားပေးရမည်ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်များ နောက်ထပ်မပျက်စီးစေရန်အတွက်လည်း ဒေသခံပြည်သူများအပါအဝင် နိုင်ငံသူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသည်။ နှစ်ကာလကြာရှည်စွာ တည်ရှိလာခဲ့သည့် ရှေးဟောင်းဘုရားပုထိုးအဆောက်အအုံများသည် မြေငလျင်နှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်လေ့ရှိရာ ရေရှည်တည်တံ့ရေးနှင့် မူလတန်ဖိုးများ ပျက်စီးယိုယွင်းမှုမဖြစ်ပေါ်စေရေးတို့အတွက် ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမှာလည်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ဩဂုတ် ၂၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားရာတွင် “တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊” ထည့်သွင်းပြောကြားခဲ့ပြီး “ပြုပြင်ထိန်းသိမ်းမှုအပေါ်မူတည်၍ ရေရှည်တည်တံ့ခိုင်မြဲမှုကို ဖြစ်ပေါ်စေမည်ဖြစ်သဖြင့် မူလလက်ရာကို မထိခိုက်စေဘဲ ခေတ်မီနည်းပညာများ အသုံးပြုထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း” မှာကြားခဲ့သည်။

ပုဂံသည် မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်တစ်ခုဖြစ်ပြီး တစ်မျိုးသားလုံးနှင့်ဆိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သကဲ့သို့ လူသားတို့အတွက် ကမ္ဘာ့အမွေအနှစ်လည်းဖြစ်သည်။ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရေး ထိန်းသိမ်းစောင့်ရှောက်ကြရာတွင် တာဝန်ရှိသူများ၊ ပညာရှင်များသာမက ပြည်သူတစ်ရပ်လုံးကပါ မိမိတို့၏ အမွေအနှစ်ကို ချစ်မြတ်နိုးစိတ်ဖြင့် တစ်တပ်တစ်အား ပါဝင်ကြရမည်ဖြစ်ပါကြောင်း။ ။



# ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနား တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၇

၂၀၂၃ခုနှစ် တရုတ် – အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနား တက်ရောက်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

၂၀၂၃ခုနှစ် တရုတ်–အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားကို ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့တွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါ အခမ်းအနားသို့ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ တက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပညာသင်များ၊ သံတမန် ကိုယ်စားလှယ်များ၊ လူငယ်များနှင့်ရပ်ဝန်းနှင့် ပိုးလမ်းမကြီး နိုင်ငံများမှကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ပညာရေးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မြဲစွာမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ်အတွင်း ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် ပို့ကုန်/ သွင်းကုန်များနှင့် စပ်လျဉ်း၍ မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်စည်စီးဆင်းမှုကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၂၇

ကချင်ပြည်နယ်အတွင်းရှိ ကံပိုင်တည် နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာ – တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်စည်တင်ပို့ရာတွင် ပြည်နယ်အတွင်းမှ စိုက်ပျိုးရေးထွက်ကုန်သီးနှံ ပို့ကုန်များနှင့် သီးနှံထုပ်ပိုးသည့် သွင်းကုန်ပစ္စည်းများအတွက် ကုန်စည်စီးဆင်းရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးသီးနှံ ထုတ်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသည့်အပြင် စိုက်ပျိုးရေးသုံး ပစ္စည်းသွင်းကုန်များ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကိုလည်း တရုတ်နိုင်ငံမှ သွင်းကုန်အဖြစ် တင်သွင်းလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ နှစ်နိုင်ငံကုန်စည်စီးဆင်းရာတွင် စိုက်ပျိုးရေးသီးနှံ ပို့ကုန်အမယ်သစ်များ အပါအဝင် ရှောက်ကောသီးနှံ တိုးချဲ့တင်ပို့နိုင်ရေး ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး လေးစားလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ တရားမဝင်ဂိတ်များကိုလည်း ဖယ်ရှားရှင်းလင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထို့ကြောင့် ကုန်စည်စီးဆင်းမှု လုပ်ငန်းများ ပိုမိုလွယ်ကူ ကောင်းမွန်စေရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကုန်စည်စီးဆင်းမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တရားမဝင်ကုန်သွယ်မှုများ တားဆီးနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ပို့ကုန်/ သွင်းကုန်များနှင့် စပ်လျဉ်း၍ အလေးထား လိုက်နာဆောင်ရွက်ရမည့် အမိန့်ညွှန်ကြားချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းနှင့် ပြည်နယ်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများက ပို့ကုန်သွင်းကုန်များ၊ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာများနှင့် ဆွေးနွေးဆောင်ရွက်ပေးကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)



## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ



## ဖူးမြော်ကြည်ညို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။



◆ *ရှေ့ဖုံးမှ*

**အာနန္ဒာဘုရား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြကာ ဘုရားကြီး အတွင်းပရိဝုဏ်နှင့် အပြင်ပရိဝုဏ်အတွင်း ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ မရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိမည်ဖြစ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများသို့ လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ပြည်သူတို့သည်လည်း အများအပြားလာရောက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတီပုထိုးများကို သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာနန္ဒာဘုရားကြီးအပါအဝင် ရှေးဟောင်းစေတီပုထိုးများအား ပြုပြင်ထိန်းသိမ်းရာတွင် အရည်အသွေးကောင်းမွန်သည့် အပေါ်ခံဆေးသုတ်ထားခြင်းဖြင့် ရာသီဥတုကြောင့် ပျက်စီးမည့်ဒဏ်ကို ခံနိုင်မည်ဖြစ်ပြီး ရေဝင်ပျက်စီးမှုများကိုလည်း ခံနိုင်မည်ဖြစ်သဖြင့် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုအပေါ် မူတည်၍ ရေရှည်တည်တံ့ခိုင်မြဲမှုကို ဖြစ်ပေါ်စေမည်ဖြစ်သဖြင့် မူလလက်ရာကို မထိခိုက်စေဘဲ ခေတ်မီနည်းပညာများ အသုံးပြုထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**စူဠာမဏိဂူဘုရားကြီး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့ပြီး ရေဝပ်မှုများ ဖြစ်ပေါ်ခဲ့သည့် နရပတိစည်သူမင်း တည်ထားခဲ့သော စူဠာမဏိဂူဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ဘုရားကြီးအား ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဘုရားကြီးပရိဝုဏ်အတွင်း မြေညှိခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်၊ ရေဝပ်မှုများ ဖြစ်ပေါ်ခဲ့ရသည့် သင်ခန်းစာရရှိပြီးဖြစ်သဖြင့် နောင်တွင် ရေဝင်ရောက်မှုများ မဖြစ်စေရေး ရေထွက်ပေါက်များ ဆောင်ရွက်နေမှုများကို စနစ်တကျ တွက်ချက်ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘုရားကြီး၏ အတွင်းအပြင်ထိန်းသိမ်းရာတွင် သမိုင်းဝင်တန်ဖိုးကြီး အမွေအနှစ်ဖြစ်သည့်အတွက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ မူလရင်ပြင်တော်ကိုလည်း ယခုအခြေအနေမှ တဖြည်းဖြည်း စနစ်တကျဖော်ထုတ်သွားရန်လိုကြောင်းနှင့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ရေရှည်တည်တံ့စေရေးအတွက် မှန်ဖြင့်ကာရံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စေတီပုထိုးများ ပတ်ပတ်လည်၌ သန့်ရှင်းသပ်ရပ်နေမှသာလျှင် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာရောက်သူများ စိတ်အေးသက်သာစွာဖြင့် လှည့်လည်ဖူးမြော်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အာနန္ဒာဘုရားကြီး၌ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**ထီးလိုမင်းလို ဘုရားကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးလိုမင်းလိုဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအတွင်း၊ အပြင်နှင့် အထက်ပစ္စယံတို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ထိန်းသိမ်းထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အာနန္ဒာဘုရားအတွင်းပရိဝုဏ် ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ နရပတိစည်သူမင်း တည်ထားခဲ့သော စူဠာမဏိဂူဘုရားကြီး ပြုပြင်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ထီးလိုမင်းလိုဘုရားကြီး၏ အထက်ပစ္စယံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ကြည်ညိုဖူးမြော်နိုင်မည်ဖြစ်ပြီး ပုဂံဒေသ၏ အလှအပများကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သဖြင့် လူဦးရေအကန့်အသတ်၊ အချိန်အကန့်အသတ်တို့ဖြင့် ပြန်လည်တက်ရောက်ကြည်ညိုခွင့်ပြုပေးနိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်း**

ထိုကဲ့သို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၊ စူဠာမဏိဂူဘုရားကြီးနှင့် ထီးလိုမင်းလိုဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြုပြင်ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်များတွင် လက်မှတ်ရေးထိုးပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်သည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယခုနှစ်မေလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ဆင်ဖြူရှင်ကွန်းပလက်၊ ခေမင်္ဂဘုရား၊ သပိတ်မှောက်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ လေးမျက်နှာဘုရား၊ ဆင်ပေါင်းအုတ်ကျောင်း၊ ဓမ္မရာဇကအနီးရှိဘုရား၊ ပုဂံမျှော်ဘုရား၊ ရွာဟောင်းကြီးဘုရား၊ ရွှေနန်းရင်တောဘုရားတို့၌ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ရှေးဟောင်းဘုရား/အဆောက်အအုံ ၈ ခုတို့တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်ဖြစ်ပေါ်ခဲ့သဖြင့် ရှေးဟောင်းလက်ရာမပျက် အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့ပြင် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံကာ ရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရေး လိုအပ်သည်များ စီမံဆောင်ရွက်ထားရှိရန်၊ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး၊ သန့်ရှင်းသာယာပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် လိုအပ်သည့် ထိန်းသိမ်းမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်းနှင့် သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင်လည်းကောင်း၊ ဂန္ဓကုဋီတိုက်များတွင်လည်းကောင်း၊ ကျောက်စာရုံစေတီတော်များအတွင်း၌လည်းကောင်း လှည့်လည်ကြည်ညိုကြပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ❑ မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့
- ❑ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပုဂံဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ပညာတတ်များ ပေါများစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးဆွေးနွေး

- ❑ **ပုဂံ၊ ညောင်ဦးဒေသသည် ပြည်တွင်း၊ ပြည်ပ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားသည့် မြို့ဖြစ်သဖြင့် ယခုထက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လို၊ ဒေသတွင်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်နေရန်လို**
- ❑ **ဒေသစားရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလို၊ ဒေသတွင်းစားရေးနှင့်ပတ်သက်၍ ဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချနိုင်မည်**

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများ၊ ညောင်ဦးခရိုင်၊ ပခုက္ကူခရိုင်၊ မြင်းခြံခရိုင်၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံယဉ်ကျေးမှုပြတိုက်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီးဆွေးနွေးသည်။

### ရှေးမူမပျက်စေဘဲ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ထိန်းသိမ်းမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံရှေးဟောင်းနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းထားရှိမှုများအား လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပုဂံညောင်ဦးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးနိုင်ရေး၊ ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့ ဒေသခံ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မြို့မိ၊ မြို့ဖများအနေဖြင့် မိမိတို့ဒေသအကျိုးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားကြရန်လိုကြောင်း။

ပုဂံ၊ ညောင်ဦးဒေသသည် ပြည်တွင်း၊ ပြည်ပ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားသည့် မြို့ဖြစ်သဖြင့် ယခုထက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ပုဂံညောင်ဦးဒေသ စိမ်းလန်းသာယာလှပရေးအတွက် ရေများလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်သည့် ဒေသတစ်ခုဖြစ်စေရေးအတွက်လည်း ဖန်တီးဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံဒေသအတွင်းရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရှေးမူမပျက်စေဘဲ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ဘုရားဖူးသူများအနေဖြင့် ထီးလိုမင်းလိုဘုရားကြီး၏ အထက်ပစ္စယံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ကြည်ညိုဖူးမြော်နိုင်ရေးနှင့် ပုဂံဒေသ၏ အလှအပများကို ကြည့်ရှုနိုင်ရေးအတွက် လူဦးရေအကန့်အသတ်၊ အချိန်အကန့်အသတ်တို့ဖြင့် ပြန်လည်တက်ရောက်ကြည်ညိုခွင့်ပြုပေးနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် သုံးသပ်လျက်ရှိကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းရေး

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားသော နိုင်ငံဖြစ်သဖြင့် လူတိုင်းနှင့်အကျိုးဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ စားသောက်ရန် အစားအစာများနှင့် ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ခရိုင်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ ဆက်လက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာသိပ္ပံများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး တက္ကသိုလ်များကို ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် လက်တွေ့ကျသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ တိုးတက်မှုများရှိစေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ပညာတတ်များ ပေါများစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် ဥပဒေကို အကျွမ်းတဝင်ရှိရန်၊ နားလည်ရန်လိုကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စီးပွားရေးအမြင်ရှိရန်လိုသဖြင့် စီးပွားရေးဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အတွက် အခြေခံကောင်းများရရှိစေရေး ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ရေအရင်းအမြစ်များရှိပြီး မြစ်ရေများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများရှိစေရေး တာဝန်ရှိသူများအနေဖြင့် စိစစ်ကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ပုဂံညောင်ဦးဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ၊ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို မြို့မိ၊ မြို့ဖများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းဘုရားများနှင့် ယဉ်ကျေးမှုနယ်မြေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ယခုထက်တိုးတက်အောင် ဆောင်ရွက်ပေးစေလိုမှု၊ ပုဂံဒေသအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်များနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် လိုအပ်မှုရှိသည့် အခြေခံပညာကျောင်းများ၌ ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်ပေးစေလိုမှု၊ ပုဂံဒေသသို့ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ညောင်ဦးလေဆိပ်သို့ နိုင်ငံတကာလေယာဉ်များ တိုက်ရိုက်ဆင်းသက်နိုင်ရေး ဆောင်ရွက်ပေးစေလိုမှုတို့ကို ဆွေးနွေးပြောကြားကြပြီး ညောင်ဦးခရိုင်၊ ပခုက္ကူခရိုင်၊ မြင်းခြံခရိုင်၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး ရှင်းလင်းပြောကြား

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှုမရှိစေရေး နိုင်ငံရေးအရ အကြောင်းအမျိုးမျိုးပြ၍ ပိတ်ပင်မှုများရှိခြင်းကြောင့် ပြည်ပခရီးသွားများ ဝင်ရောက်မှု နည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း အခြားနိုင်ငံများကဲ့သို့ ဆောင်ရွက်ပေးရန်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့ဒေသသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူများ စားသောက်ရေး၊ နေထိုင်ရေးနှင့် သွားလာမှုများ အဆင်ပြေစေရေးအတွက် ဒေသခံများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြားသူများဆောင်ရွက်သည့် အောင်မြင်ပြီးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ခြင်းထက် မိမိတို့ကိုယ်ပိုင်အတွေးအခေါ်များဖြင့် အခြားလုပ်ငန်းအသစ်များကို ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ ပုဂံဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ပုဂံဒေသသည် မိုးရွာရက်နည်းပါးခြင်းကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို တတ်နိုင်သမျှ ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံညောင်ဦးလေဆိပ်သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တည်ရှိခြင်းကြောင့် ပြည်ပမှ လေယာဉ်ကြီးများ တိုက်ရိုက်ဆင်းသက်ရန် အခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် ရေရှည်အတွက်အဆင်ပြေစေရန် ပခုက္ကူလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံညောင်ဦးလေဆိပ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံမြို့ရေလုံလောက်စွာ ရရှိရေးအတွက် ဧရာဝတီမြစ်မှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းကို ဆောင်ရွက်၍ ရေသန့်စင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီး ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း။

ခရိုင်များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ထွက်ရှိနေသည့် အထွက်နှုန်းထက် ပိုမိုတိုးတက်အောင်နှင့် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်းဆန်ဖူလုံရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကများ တိုးချဲ့ခြင်း၊ သီးထပ်များစိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ယခုထက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဒေသစားရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်းစားရေးနှင့် ပတ်သက်၍ ဖူလုံမှုရှိအောင်

> ❖ နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့သည် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အရေးအတွက် ပြည်သူလူထုများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန်လို
>
> ❖ တည်ငြိမ်အေးချမ်းသည့်ဒေသများသည် ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး လက်နက်ကိုင်၍ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေမည်ဖြစ်

ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးလှမိုးတို့က တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဒေသစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းများ လိုအပ်ပြီး ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယခင်က ဝါစိုက်ပျိုးမှုများကို အဓိကဆောင်ရွက်ခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဝါစိုက်ပျိုးမှုများ လျော့နည်းခဲ့သဖြင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ဝါစိုက်တောင်သူများ ဝါစိုက်ပျိုးမှုများ ဆောင်ရွက်စေရေး တိုက်တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဝါစိုက်ပျိုးခြင်းဖြင့် ချည်ထည်လုပ်ငန်းများကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုများ ဆောင်ရွက်ရာတွင် ချည်ချောများထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်၏ ဝါလိုအပ်ချက်ကို မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဖြည့်ဆည်းပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့သည် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အရေးအတွက် ပြည်သူလူထုများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်ဒေသများသည် ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး လက်နက်ကိုင်၍ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်တုန်းမြို့နှင့် မအူပင်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

မအူပင် ဩဂုတ် ၂၇



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဓိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် မအူပင်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်ကြသည့် သိုက်ကုန်းကျေးရွာအုပ်စု သာသနဓဇကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏဒီပ၊ မအူပင်မြို့အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မာရုံရွှေကျင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစိန္တာမဏိ၊ အမှတ်(၄) ရပ်ကွက်ရှိ မြို့လယ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တလက္ခဏ၊ အမှတ်(၁၁)ရပ်ကွက်ရှိ နန္ဒာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟိုသံဃဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရ၊ အမှတ်(၁၁)ရပ်ကွက်ရှိ မှန်ပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ အရှင်သူမြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာများ ကပ်လှူကြည်ညိုပူဇော်ပြီး မြေငလျင်ဒဏ်ကြောင့် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြား၍ စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့တွင် နမ့်စန်မြို့နယ် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၅ ရပ်ကွက်(က)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)(က)အသင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၅ ရပ်ကွက် (က)အသင်းနှင့် ကောင်းမြတ်ကိုယ်ပိုင်အထက်ကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၉ သင်းတို့ဖြင့် ဩဂုတ် ၁၅ ရက်မှ ယနေ့အထိ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



**အလှူငွေများလှူဒါန်း**

ယနေ့ရုံးပိတ်ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဝဏ္ဏဗရုပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါ ပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။



အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဖူးမြော်ကြည်ညိုနိုင်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ အခမဲ့ လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်းပုထိုးတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ပုထိုးတော်ကြီး လိုဏ်ဂူတော်အတွင်း လှည့်လည်ဖူးမြော်ပြီး ပုထိုးတော်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့နယ် နရမ်းကျေးရွာအနီး၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းပြီး ဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင် မိုးစပါးမျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ခင်းတွင် ခုတ်မြေသြဇာနှင့် သဘာဝမြေသြဇာကြဲပက်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး မိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မင်းပြားမြို့နယ်အတွင်း မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ အကျိုးဆောင်တောင်သူများဖြင့် မိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်းနှင့် တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ အထွက်နှုန်း တင်း ၁၀၀ ရရှိရေးစံပြကွက်များ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အထွက်နှုန်းကောင်းသည့် စပါးမျိုးများအား စနစ်တကျစိုက်ပျိုးနိုင်ရေးတို့ကို မှာကြားပြီး တောင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ပျက်စီးသွားသည့် မင်းပြားမြို့ မင်းဘာကြီးဆိပ်ကမ်းတွင် ယာယီဆိပ်ခံတံတား ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများ၊ ကမ်းထိန်းလုပ်ငန်းဆောက်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ မင်းပြားမြို့နယ် ကြပ်စင်တံတားသို့ သွားရောက်၍ တံတားကြံ့ခိုင်ရေး ကောင်းမွန်မှုတို့ကို သွားရောက်ကြည့်ရှုကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မလိခဆိပ်ကမ်း ဆိပ်ခံတံတားသစ် ဆောက်လုပ်ရန်လျာထားသည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများက လိုက်လံရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးညှိနှိုင်းပေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော မင်းကန်ကို ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်တူးဖော်ကာ ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန် – အမ်း – စစ်တွေအဝေးပြေးကားလမ်းပေါ်ရှိ ရာမောင်တံတားသို့ သွားရောက်ပြီး တံတားကြံ့ခိုင်မှု၊ ခရီးသည်ယာဉ်များနှင့် ကုန်သည်ယာဉ်များဖြတ်သန်းသွားလာနေမှုတို့ကို ကြည့်ရှုကာ ယခင်ကြိုးတံတားအား ထိန်းသိမ်းကြပ်မတ်နိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။(**အောက်ပုံ**) ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ မဟာသကျရန်အောင်ဓမ္မာရုံ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာပေးဟောပြောခြင်းနှင့် ပန်းခင်းစီမံချက်(အဆင့်–၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများ လှည့်လည်ကြည့်ရှုအားပေးသည်။ ပြည်နယ်ဝန်ကြီးချုပ်က ပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံကာ ဒေသထွက်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသအတွက် လိုအပ်ချက်များအား တွေ့ဆုံဆွေးနွေးကြရေး၊ ပညာကို ကြိုးစားသင်ယူရေး၊ လူငယ်များအနေဖြင့် ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အထွက်နှုန်းကောင်းအောင် ကြိုးစားစိုက်ပျိုးကြစေရေးတို့ကို မှာကြားပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် နန်းကျားကျေးရွာအနီး၌ မိုခါမုန်တိုင်းသင့်တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့သည့် အထွက်နှုန်းကောင်း နံ့ကောက်မျိုးစပါး ဧက ၆၀ စိုက်ခင်းတွင် ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်ကြဲပက်ပွဲသို့ တက်ရောက်ကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မိုခါမုန်တိုင်းသင့်တောင်သူများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် အထွက်နှုန်းကောင်း မျိုးစပါးများ ဖြန့်ဝေပေးပြီး စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ စံပြကွက်များ ဖော်ဆောင်ထားရှိမှုအခြေအနေ၊ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး စိုက်ခင်းအတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ကြဲပက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ တောင်သူများအား စားသောက်ဖွယ်ရာများပေးအပ်သည်။



**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း အထက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ ရေသိုလှောင်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် သြဂုတ် ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အထက်ပေါင်းလောင်းနှင့် နန်ချိုရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ရေသိုလှောင် ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်း အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှု၊ တာဘိုင် စက်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင် တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု နှင့် ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊ RCC ကွန်ကရစ် တမံ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေး



စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက လာမည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားစွမ်းအားပြည့်ထုတ်လုပ်နိုင်ရန်အတွက် လက်ရှိအခြေအနေတွင် စက်များရပ်ပြီး ရေစုဆောင်းနေသောကြောင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စက်များနှင့် ရေလှောင်တမံများ၏ ပြင်ဆင်ရေး၊ ကြံ့ခိုင်ရေးတို့ကို ဟန်ချက်ညီ ပြုလုပ်သွားရန် လိုအပ်ပါကြောင်း၊ စက်များစွမ်းအားပြည့် မောင်းနှင်ချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ချွတ်ယွင်းပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အထက်ပေါင်းလောင်းသို့သွားသည့် ကွန်ကရစ်လမ်း နှင့် ကျောက်ခင်းလမ်းများကို ရာသီမရွေးသွားလာနိုင် အောင် မပျက်စီးစေရေး ထိန်းသိမ်းစောင့်ရှောက် ပြုပြင်သွားရန် လိုအပ်ပါကြောင်းမှာကြားပြီး ဝန်ထမ်း များအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့် နေ့လယ်စာ အတူသုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေထိန်း တမံနှင့် ရေယူအဆောက်အအုံသို့ ရောက်ရှိပြီး ရေ ဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေထိန်းကန် အတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ဓာတ်အား ပေးစက်ရုံသို့ ဖိအားမြင့် သံမဏိပိုက်လိုင်းဖြင့် ရေပို့ လွှတ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓာတ်အားပေးစက်ရုံရှိ ဓာတ်အား ထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား များ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** လိုအပ်သည်များ မှာကြား ၍ ဝန်ထမ်းများကို ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) ကြည့်ရှုစစ်ဆေး

**နေပြည်တော် သြဂုတ် ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း သည် ယနေ့နံနက်ပိုင်းက မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်း သင်း)ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူး နှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်တာများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု



ဝန်ကြီးက နိုင်ငံတော်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သွင်းကုန် အစားထိုးထုတ်ကုန်များ ထုတ် လုပ်နိုင်ရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က **“ပြည်တွင်းအထည်လုပ်ငန်း များ ဖွံ့ဖြိုးလာစေရေးအတွက် အားပေးဆောင်ရွက်ရန်၊ ပြည် တွင်း ရက်ကန်းလုပ်ငန်းများ အတွက် အဆင့်မြင့်အရည်အသွေး ပြည့်မီသော ချည်ထည်များ ထုတ်လုပ်နိုင်ရန်၊ အထည်ရက် လုပ်ငန်းများအတွက် လိုအပ်သည့် ချည်များကို ပြည်ပမှ တင်သွင်းမှု ကို လျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက် ပေးရန်၊ ရရှိသည့် ချည်နှင့်ပိတ်များ မှ ဆေးဆိုး၊ ဆေးရိုက်အထည် ရက်ရန်၊ ပြည်တွင်း ကျား/မ ဝတ် လုံချည်၊ ပုဆိုး၊ စောင်၊ ခြင် ထောင်၊ စွပ်ကျယ် စသည်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်”** ဟု လမ်းညွှန်မှု ပြုထားကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ အထည်လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပိုမိုကြိုးစားဆောင်ရွက် ရမည်ဖြစ်ကြောင်း။

ကုန်ချော လက်ကျန်များ ကုန်စင်အောင် ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ် ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ အချင်းချင်း အမှာစာများ တိုးတက် ရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိထုတ်ကုန်ပစ္စည်း များကို အများပြည်သူသိရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင် ရေးအတွက် လိုအပ်သည့် စက်အရန် ပစ္စည်းများကိုလည်း စီမံဆောင်ရွက်ထားရန်၊ အရည် အသွေး၊ ထုပ်ပိုးမှုစနစ် ကောင်းမွန် ပြီး ဈေးနှုန်းသက်သာစွာ ရောင်းချ နိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားပြီး စက်ရုံ အတွင်းရှိ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# အယ်လ်နီညိုရာသီဥတုသက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများလျော့ပါးစေရန် ရေအသုံးချသူအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ပဲခူး သြဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဖြူး၊ ရဲနွယ်၊ ဘိုင်းဒါ၊ ကောလိယ၊ ဘောနီ၊ ပျဉ်ပုံကြီး၊ ဇောင်းတူ ၊ မဇင်း၊ ဇလက်ထော်၊ အလိုင်နီ နှင့် ရွှေပြည်(၃) ဆည်ရေသောက်ဧရိယာ များမှ ရေအသုံးချသူအဖွဲ့(WUG)များနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွဋ်နှင့် အဖွဲ့သည် သြဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ တွေ့ဆုံ ဆွေးနွေးသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လာမည့်ကာလ အတွင်း အယ်လ်နီညိုရာသီဥတု သက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာ နိုင်သည့် မိုးရွာသွန်းမှု ပုံမမှန်ခြင်း၊ ရေကြီး ရေလွှမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ မိုးခေါင်ရေရှား မှုကြောင့် ရေလှောင်တမံများအတွင်းသို့ ရေဝင်ရောက်မှု နည်းပါးနိုင်ခြင်းတို့ကြောင့် ဆည်ရေပေးဝေမှုလျော့နည်းနိုင်ပြီး သီးနှံ



စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်နိုင်သဖြင့် ရေအသုံးချသူ လယ်သမားများအနေဖြင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို စနစ် တကျ ကြိုတင်စီမံနိုင်စေရန်၊ ဆည်ရေများ ကိုလည်း အလေအလွင့်မရှိ သီးနှံပုံစံ အလိုက် စနစ်တကျ ရယူသုံးစွဲနိုင်ရန် လိုကြောင်း ဆွေးနွေးသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက် ရေး(၁) ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသ ကြီး ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၂) ညွှန်ကြားရေးမှူးနှင့် ဆည်မြောင်းပညာ ရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြား ရေးမှူးတို့ကလည်း ဆည်ရေပေးဝေနိုင်မှု အခြေအနေများ၊ ရေအသုံးချသူအဖွဲ့များ ပူးပေါင်းဆောင်ရွက်သင့်သည့် အချက် များနှင့် ရေရယူသုံးစွဲရာတွင် လိုက်နာရ မည့် အချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ရေအသုံးချသူအဖွဲ့များမှ ရေရယူသုံးစွဲမှုနှင့်ပတ်သက်၍ လိုအပ် ချက်များနှင့် ၎င်းတို့မှ စီစဉ်ဆောင်ရွက် လျက်ရှိသည့် အခြေအနေများကို ဆွေးနွေး ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# သာစည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြသ

**သာစည် သြဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၆) စက်မှုလယ်ယာစခန်း သာစည်မြို့မှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကို သြဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက ကုက္ကိုစုကျေးရွာ တောင်သူဦးထင်အောင်၏ လယ်မြေ သုံးဧက၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

သရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထွန်းစံ က အမှာစကားပြောကြားပြီး သာစည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးချမ်းမြဇော်က စနစ်ကျလယ်မြေဖော်ထုတ်ခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်း သည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိ သူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို လက်တွေ့ပြသကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

ဘားအံ ဩဂုတ် ၂၇

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၆ ရက်က ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကမမောင်းမြို့တွင် ပြောင်းရွှေ့နေထိုင်သော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် Family Kit ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်သည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိုင်ကြီးငူအထူးဒေသ မြိုင်ကြီးငူနန်းဦး ဘေးမဲ့တောရ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိကအား သွားရောက် ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ကရင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လှူဒါန်းသော ထီးဖိုးခလုံး-မြိုင်ကြီးငူလမ်း ပြုပြင်ထိန်းသိမ်းစရိတ် ၁၈၂၀၀၀၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်တော်ဝင် မိသားစုများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၉၀၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ ရွှေမြတ်မျိုးကွယ်(အုန်းတော) ပရိယတ္တိစာသင်တိုက် စာချဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ကမမောင်းမြို့တွင် ယာယီပြောင်းရွှေ့နေထိုင်သော ပြည်သူများအား သီရိသုခမ္မာရုံ၌ တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားများ ပြောကြားကာ အိမ်ထောင်စု ၇၇၈ စု၊ လူဦးရေ ၃၃၃၃ အတွက် တစ်ပတ်စာဆန် ရိက္ခာဖိုးငွေကျပ် ၆၉၉၉၃၀၀၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ပစ္စည်း ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများနှင့် Family Kit ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ယာယီတိုက်ပွဲရှောင် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ယာယီတိုက်ပွဲရှောင်ပြည်သူများက ပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်းကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များအား တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ ပြည်သူဆေးရုံတွင် သင်တန်း တက်ရောက်လျက်ရှိသော အရန်သားဖွားသင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ဆောင်ရွက်ပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်၍ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများကို စားသောက်ကုန် ပစ္စည်းများနှင့် အထွေထွေအသုံး စရိတ် ငွေကျပ် သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၏ သင်ကြားသင်ယူနေမှုအခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖာပွန်မြို့နယ်ရုံးမှ အဆိုပါကျောင်းတွင် ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးမှု၊ ကိုယ်ရေး အချက်အလက်နှင့် ဇီဝအချက် အလက် ကောက်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီးထံ အထွေထွေအသုံးစရိတ် ငွေကျပ် ငါးသိန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၀ နှင့် Unique identification Number ကောက်ယူပြီးကြောင်း အထောက်အထား Unique ID စာရွက်များအား ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အမှတ်(၄)ရပ်ကွက် မိဖိုင်းကျေးရွာတွင် ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးပြီး မိုးစပါးထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား မြေဩဇာနှင့် မျိုးစပါးများ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အမြန်ဆုံးပြန်လည် စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုသလအား သွားရောက် ဖူးမြော်ကြည်ညို၍ ကမမောင်းမြို့ ကိုးနဝင်းဘုန်း တော်ကြီးကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်း သော ဆန်ဖိုးငွေကျပ် ၁၉၈၃၆၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်း သော ဆန်၊ ဆီ အစရှိသော စားသောက်ကုန် ပစ္စည်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် သဘာဝဘေး ကြောင့် မိုးစပါးသီးနှံ ပျက်စီးဆုံးရှုံး သွားသော တောင်သူများအား မျိုးစပါးနှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်သည့် အခမ်း အနားကို ကမမောင်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ် ရှိသည့်အနက် သံတောင်ကြီးမြို့နယ်မှလွဲ၍ ကျန် မြို့နယ်များတွင် ရေကြီးရေလျှံမှု များဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ် တစ်ခုလုံးအနေဖြင့် စိုက်ပျိုးပြီး မိုးစပါးဧက ၁၂၀၀၀ ကျော် ထိခိုက် ပျက်စီးခဲ့ပြီး ကမမောင်းမြို့တွင် ဧက ၆၀၀ကျော် ထိခိုက်ပျက်စီးခဲ့ ကြောင်း၊ မိုးစပါးအထွက်နှုန်း လျော့နည်းကျဆင်းမှု မရှိစေရေး အတွက် ထိခိုက်ပျက်စီးခဲ့သော စိုက်ဧကများအတွက် မြေဩဇာ နှင့် မျိုးစပါးများကို ထောက်ပံ့ပေး သွားမည်ဖြစ်ပြီး အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရန် လိုအပ်ကာ စားရေ ရိက္ခာဖူလုံရေးအတွက် မြေလွတ် မြေလပ်မကျန် စိုက်ပျိုးမွေးမြူကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မိုးစပါးသီးနှံ ပျက်စီးဆုံးရှုံးသွား သောတောင်သူများအားဆင်းသုခ မျိုးစပါး တင်း ၅၀ နှင့် ယူရီးယား ဓာတ်မြေဩဇာ အိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ကမမောင်း မြို့တွင် လုံခြုံရေးနှင့် ကာကွယ် ရေးတာဝန်များ ထမ်းဆောင်နေ သော နယ်မြေခံတပ်မတော် တပ်ရင်းတပ်ဖွဲ့များအား ငွေကျပ် ၁၀ သိန်းနှင့် ခေါက်ဆွဲခြောက်များ၊ နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ အား ငွေကျပ် ၁၀ သိန်းနှင့် ခေါက်ဆွဲခြောက်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား ငွေကျပ် ငါးသိန်းနှင့် ခေါက်ဆွဲခြောက်များ၊ တာဝန် ထမ်းဆောင်လျက်ရှိသော ဌာန ဆိုင်ရာ ဝန်ထမ်းများအား ခေါက် ဆွဲခြောက်များ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နည်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

အရည်အသွေးပြည့်မီသော အင်ဂျင်နီယာ ပညာရှင်များ မွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ပြည်သူ့အကျိုး သယ်ပိုးနိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်းများ ပျိုးထောင်ပေးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သုတေသနအခြေပြုတက္ကသိုလ် ဖြစ်လာစေရေး အလေးပေးဆောင်ရွက်ရန် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုကာ ဆရာနှင့် ကျောင်းသားများ စာကြည့်တိုက် အသုံးပြုမှု ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ရန်၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များအပြင် သတင်းစာများ၊ သုတ/ရသစာအုပ်များကို ပုံမှန်ဖြည့်ဆည်းထားရှိရန် မှာကြားပြီး စားသောက်ရေး အခြေအနေများ၊ စာပေဖတ်ရှုလေ့လာနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းသားဆောင်ဝင်းအတွင်း စိုက်ပျိုးထားသည့် သီးပင်၊ စားပင် စိုက်ခင်းများနှင့် ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ဝန်ထမ်းများက ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် အလုပ်ရုံများကို**(အပေါ်ပုံ)** ကြည့်ရှုစစ်ဆေးကာ MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ဆောင်ရွက်ရန် မှာကြားပြီး အဆောင်များ၌ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၁၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၁၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃) မှတစ်ဆင့် ဥပဒေရေးရာအသိပညာများ တိုးမြင့်လာခြင်း

ဒေါက်တာသံလွင်ထွန်း (ကသ - ၃၂)

**ဥပဒေရေးရာဝန်ကြီးဌာနသည် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဥပဒေဆိုင်ရာအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာစေရန်၊ အများပြည်သူ၏ ယုံကြည်အားကိုးမှု မြှင့်တင်ရန်နှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်ပန်းတိုင်များထားရှိကာ ဆောင်ရွက်လျက်ရှိပါသည်။**

ထိုသို့ ရည်မှန်းချက်ပန်းတိုင်များ ထားရှိ အကောင်အထည်ဖော်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ဦးဆောင်မှုတို့ဖြင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃) ကို ၂၀၂၃ ခုနှစ် ဇွန် ၇ ရက်က အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်မှ ဩဂုတ် ၁၉ ရက်အထိ ပို့ချခဲ့ရာ စာရေးသူ အပါအဝင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန အဖွဲ့အစည်းများမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြသည်။



နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃)။

## ဥပဒေပညာပြန့်ပွားရေး

ဥပဒေပညာပြန့်ပွားရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ်ဖွင့်လှစ်ပို့ချခဲ့သည့် အဆိုပါသင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် ဖက်ဒရယ်စနစ်အကြောင်း၊ မြန်မာနိုင်ငံဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့၏ ဆက်နွှယ်မှုများ၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ တရားဝင်မှုနှင့် တရားစီရင်ပိုင်ခွင့်တို့အပေါ် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် ဥပဒေရှုထောင့်တို့မှလေ့လာခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အထွေထွေဥပဒေအကြံဉာဏ်ပေးရေး ဘာသာရပ်၊ ဥပဒေပြုအဖွဲ့အစည်းနှင့် ဥပဒေပြုအာဏာ၊ ဥပဒေမူကြမ်းစိစစ်ရေးဆွဲရေး နည်းလမ်းများ၊ တစ်ဆင့်ခံ ဥပဒေရေးဆွဲရေးနည်းလမ်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းနည်းလမ်းများ၊ စာဖတ်နည်း၊ စဉ်းစားတွေးခေါ်နည်း၊ စာရေးနည်းနှင့် ဥပဒေရေးဆွဲနည်းအနုပညာ၊ ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့မှုကို တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်းသည့် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကြောင်း၊ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့် စသည့်စာချွန်တော်အမိန့်များအကြောင်း၊ အစိုးရ သို့မဟုတ် ရာထူးအလျောက် ဆောင်ရွက်ရသည့် ပြည်သူ့အရာထမ်းများက စွဲဆိုသည့် တရားမမှုများနှင့် ဥပဒေဆိုင်ရာအထွေထွေကိစ္စရပ်များ စသည့် စိတ်ဝင်စားစရာကောင်းသည့်အပြင် အဖိုးတန်သည့်ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ပါသည်။

ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းသည် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအနေဖြင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ဥပဒေရှုထောင့်အမြင်ဖြင့် မည်ကဲ့သို့ စဉ်းစားဆုံးဖြတ်ရမည်ကို နားလည်သဘောပေါက်စေသည့်အပြင် ဝေဖန်ပိုင်းခြားတွေးခေါ်မှု စွမ်းရည်ကို တိုးတက်စေသည့် သင်တန်းတစ်ခုဖြစ်ပါသည်။ သင်တန်းသားတစ်ဦးချင်းစီကို ဥပဒေဆိုင်ရာ အယူအဆများ၊ ဥပဒေအခြေခံမူ သဘောတရားများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်မှုများအား ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်နိုင်စေရန် စီစဉ်ပေးထားပါသည်။ ထို့ပြင် ဌာနဆိုင်ရာ အသီးသီးအတွက် ဥပဒေရေးရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးသည့်အပြင် သင်တန်းသားများအတွက် နယ်ပယ်အသီးသီးမှ ဥပဒေအသိပညာဗဟုသုတများ တိုးပွားလာစေသည့် သင်တန်းတစ်ခုလည်း ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ယခင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁၇၆/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနဖြစ်ပြီး ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနဟူ၍ ဦးစီးဌာနငါးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

> ❖ **သို့ရာတွင် အသိပညာဗဟုသုတရှိရုံမျှဖြင့် ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ပေ။ အဆိုပါ အသိပညာ ဗဟုသုတများကို လက်တွေ့အသုံးချရန်နှင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ အရည်အသွေးများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ဆောင်ရွက်ချက်များကို ပေါင်းစပ်လုပ်ဆောင်နိုင်မှသာ မတူညီသည့် အပြုသဘောဆောင်သော ပြောင်းလဲမှုအသစ်များကို ဖန်တီးနိုင်မည်ဖြစ်**

## တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု

ဥပဒေရေးရာဝန်ကြီးဌာနသည် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ကို တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှုခေါင်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဥပဒေပညာပြန့်ပွားရေးလုပ်ငန်းစဉ်များအနေဖြင့် နှစ်အလိုက် ဥပဒေစာအုပ်များ၊ နည်းဥပဒေစာအုပ်များနှင့် Myanmar Laws စာအုပ်များကို ထုတ်ဝေပေးလျက်ရှိပြီး ဥပဒေများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် လေ့လာနိုင်ရန် စီစဉ်ပေးထားပါသည်။ ဥပဒေပညာလေ့လာလိုသူများအတွက် ဥပဒေသုတေသနစာတမ်းများကိုလည်း ပြုစုလျက်ရှိသည့်အပြင် ဥပဒေပညာဂျာနယ်၊ အင်္ဂလိပ်-မြန်မာ ဥပဒေဝေါဟာရ အဘိဓာန် စသည်တို့ကိုလည်း ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထို့ပြင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာဖတ်ရှုနိုင်စေရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ကိုလည်း အွန်လိုင်းဝက်ဘ်ဆိုက်ဖြင့် လွှင့်တင်ပေးထားသည့်အတွက် ဥပဒေရေးရာပညာရပ်များကို စိတ်ပါဝင်စားသူတိုင်း ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

အသိပညာဗဟုသုတဆိုသည်မှာ စွမ်းအားတစ်ရပ်ပင်ဖြစ်ပြီး ကျွန်ုပ်တို့၏ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့်ကမ္ဘာတွင် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းတွင် မှတ်သားလေ့လာစရာများ ပို၍များပြားလာပါသည်။ အသိပညာစွမ်းအားဖြစ်သည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် သို့မဟုတ် ဗဟုသုတရှိခြင်းဖြင့် တစ်ဦးချင်းစီအတွက် အသိဉာဏ်ခွန်အားကို ဖြစ်စေသည့်အပြင် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်ပါသည်။ အသိပညာဆည်းပူးခြင်းဖြင့် ပိုမိုကြီးမားသောအခွင့်အလမ်းများ၊ အောင်မြင်မှုများရရှိစေနိုင်ပြီး ပြည့်စုံမှန်ကန်စွာ ဆုံးဖြတ်ချက်ချမှတ်နိုင်စေပါသည်။ အသိပညာဗဟုသုတသည် တစ်ဦးချင်းစီအား အခြေအနေအရပ်ရပ်ကို ကျော်လွှားနိုင်ရန်၊ ပြဿနာများဖြေရှင်းနိုင်ရန်နှင့် ပြည့်စုံမှန်ကန်သည့် ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သည့် သိမြင်နားလည်နိုင်စွမ်းများကို ပေးစွမ်းနိုင်ပါသည်။ ထို့ပြင် ကမ္ဘာကြီးကို ရှုထောင့်အမျိုးမျိုးဖြင့် ပိုမိုနက်ရှိုင်းစွာ သိမြင်နားလည်စေပြီး အချက်အလက်များကို ပိုင်းခြားစိတ်ဖြာကာ အကဲဖြတ်နိုင်စွမ်းကိုလည်း ပေးနိုင်ပါသည်။

## အမှန်တကယ် ခွန်အားပေးစွမ်းနိုင်

အသိပညာဗဟုသုတသည် ဘဝ၏ကဏ္ဍများစွာတွင် အမှန်တကယ် ခွန်အားပေးစွမ်းနိုင်ပါသည်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍတွင် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများရရှိစေရန် လမ်းဖွင့်ပေးနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာဆက်ဆံရေးများတွင်လည်း မိမိနှင့်တစ်ပါးသူ၏အကြောင်းကို သိရှိနားလည်ပေးခြင်းဖြင့် တစ်ဦးအပေါ်တစ်ဦး ဖြည့်ဆည်းပေးနိုင်သည့် ကောင်းမွန်သော ဆက်ဆံရေးကို ရရှိစေနိုင်ပါသည်။ ထို့ပြင် သိပ္ပံပညာရပ်ဆိုင်ရာသုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ရာတွင်လည်း အသိပညာဗဟုသုတရှိခြင်းဖြင့် နည်းပညာအသစ်များနှင့် ရှာဖွေတွေ့ရှိမှုအသစ်များကို ဖန်တီးရရှိစေနိုင်ပါသည်။ သို့ရာတွင် အသိပညာ ဗဟုသုတရှိရုံမျှဖြင့် ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ပေ။ အဆိုပါ အသိပညာဗဟုသုတများကို လက်တွေ့အသုံးချရန်နှင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ အရည်အသွေးများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ဆောင်ရွက်ချက်များကို ပေါင်းစပ်လုပ်ဆောင်နိုင်မှသာ မတူညီသည့် အပြုသဘောဆောင်သော ပြောင်းလဲမှုအသစ်များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ဥပဒေရေးရာအသိပညာများ တိုးမြင့်လာခြင်းသည် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် အရေးကြီးသည့် ပြောင်းလဲမှုတစ်ရပ်ဖြစ်သည့်အပြင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။ စာရေးသူတို့အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအသိပညာဗဟုသုတများစွာ သင်ယူလေ့လာနိုင်ခဲ့သည့်အတွက် မိမိတို့၏ အသိပညာကို မြှင့်တင်နိုင်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၃) သင်တန်းတွင် တက်ကြွစွာဆွေးနွေးပို့ချပေးခဲ့ကြသည့်အပြင် အသိပညာဗဟုသုတများ မျှဝေပေးခဲ့ကြသည့် ဥပဒေပညာရှင် ဆရာကြီး ဆရာမကြီးများအား သင်တန်းသားများအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၇

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ လယ်ဝေးခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက လည်းကောင်း၊ မြို့ဦးတိုက်သစ် သံလမ်းကျောင်း ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က လည်းကောင်း၊ သရက်တောကျောင်း ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်ကလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသောဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) မှ တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၈၃ သိန်း ၁ သောင်းကျပ်၊ ဆန် ၆၃၃ အိတ် ၁၆ ပြည်၊ ဆီ ၁၉၀ ဒသမ ၁ ပိဿာ၊ ပဲ ၁၉၀၁ ပိဿာ၊ ဆား ၁၉၀၁ ပိဿာ၊ ရှမ်းရိုးမအကြောပြေလိမ်းဆေးဘူး ၇၂၀၊ တောရှောက်လိမ်းဆေး ဒါဇင် ၃၀၊ တမာယားနာဆေး ဒါဇင် ၂၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗုဒ္ဓရတနာပရဟိတ ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သာမဏေများ၊ ကျောင်းသား ကျောင်းသူများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

"ရာသီအစလည်းဖြစ်တဲ့ ဩဂုတ်လမှာ ဒီဇယ်ဆီ တစ်ပီပါကို ငွေကျပ် ခုနစ်သိန်းနီးပါး ဖြစ်နေတယ်။ လှေတစ်စင်းပင်လယ်ပြင်ကိုထွက်မယ်ဆိုရင် ဒီဇယ်ပီပါ အနည်းဆုံး အလုံး ၃၀ ခန့် လိုအပ်ပါတယ်။ လှေကြီးမယ်ဆိုရင်တော့ ဒီထက်ပိုပြီး ဒီဇယ်ဆီ ပိုလိုအပ်တယ်။ ရေခဲတုံး ပေါင် ၃၀၀ တုံးတစ်တုံးကို ငွေကျပ်တစ်သောင်းကျော်အထိ ဈေးတက်နေတယ်။ ပင်လယ်အတွင်းမှာ ထပ်မံကုန်ကျတဲ့ စရိတ်စကတွေလည်း ရှိပါသေးတယ်။ လှေသားတွေရဲ့ စားစရိတ်တွေလည်း ထပ်မံကုန်ကျပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကမ်းဝေးငါးဖမ်း လှေငယ်တစ်စင်း ပင်လယ်ပြင်အထွက် စရိတ်မှာ ငွေကျပ်သိန်း ၃၀၀ ကျော် ကုန်ကျမှုရှိပြီး လှေအကြီးဆိုလျှင် သိန်း ၁၀၀၀ နီးပါးခန့် ကုန်ကျမှုရှိကြောင်း သိရသည်။

"ရာသီဥတု ဆိုးရွားတဲ့အချိန် နားနေရတဲ့အခါမှာလည်း စရိတ်စကရှိုးတယ်။ ဆီဈေးလည်း မြင့်တယ်။ ငါးဈေးကလည်း ကျနေတော့ လုပ်ငန်းရှင်တွေအနေနဲ့ စရိတ်စကတွေ ကြီးမြင့်လာတဲ့အတွက် အရှုံးပေါ်တော့ လုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်ဖို့ အခက်အခဲကြုံတွေ့နေရပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ဝယ်လက်အများစုသည်လည်း မြန်မာ့ပင်လယ်ပြင် ငါးဖမ်းရာသီအစတွင် ငါးဈေးနှုန်းချဝယ်ယူခြင်းနှင့် ဘတ်ဈေးအပြောင်းအလဲကြောင့် လုပ်ငန်းရှင်များမှာ အခက်အခဲများ ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။ မြန်မာနိုင်ငံတွင် ငါးဈေးကြီးမရှိသည့်အတွက် မြန်မာ့ပင်လယ်ပြင်အတွင်းမှ ဖမ်းဆီးရရှိသောငါးများကို ထိုင်းဈေးကွက်သို့ အဓိကထားသွားရောက် ရောင်းချနေရကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်း လှေအစင်းပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၂၇

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီး ဖြစ်ရာ ယနေ့တွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ မုံရွာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ အသီးသီး ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ မုံရွာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာသည့် M-416 မောင်းပြန်သေနတ်တစ်လက်၊ M- 16 ကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၅ တောင့်နှင့် လက်ပစ်ဗုံး တစ်လုံးတို့အား အပ်နှံကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြပြီး M – 416 မောင်းပြန်သေနတ်ဖြင့် အလင်းဝင်ရောက်လာသူ



တစ်ဦးအား ဆုကြေးငွေကျပ်သိန်း ၅၀၊ လက်ပစ်ဗုံးတစ်လုံးဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ် သုံးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ကျပ်သိန်း ၂၀၊ စုစုပေါင်းငွေကျပ် ၂၅၃ သိန်း၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ အလင်းဝင်ရောက်လာသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)** ယင်းနောက် အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီး ရခိုင်ကျောင်းအနီး၌ လိုင်စင်မဲ့ Mini Cooper မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန အလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူအတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၂၇၂ တန်၊ အခြားသစ် ၂ ဒသမ ၄၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၃၀၉၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Porcelain Tiles ကီလိုဂရမ် ၂၂၀၀၀၊ Eurol SAE Gear Oil 10W/30A PI SL ၇၃၃၅ ဒသမ ၄၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၆၈၈၅၇၀၅) ကို လည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Stainless Steel Sink ၈၃၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၂၈၀၀) ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Empty Plastic Bottle With Cup ၂၆၀၁ ဒသမ ၉၈ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၁၁၁၈၆၆) ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Paint Brush 1 အခု ၆၆၀၀၀၊ 200G Ro Machine with Stand ၈၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၄၂၉၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၅၉၄၆၆၁) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကရသူရီမြို့ ကော့ဗမာကျေးရွာ အုပ်စု အေးမြသာယာကျေးရွာ၌ တရားမဝင်ခဲ၊ သတ္တုပိုသာ ၂၉၀ အပါအဝင် ဆက်စပ်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၅၇၁၇၈၅၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

လက်ခံကစားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဩစတြေးလျကလပ် မက်အာသာအသင်းနှင့် အိမ်ကွင်း၊ အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၉ ရက်တွင် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ဩစတြေးလျကလပ် မက်အာသာအသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး ထိပ်ဆုံးရပ်တည်မှုရ သုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး တစ်သင်းသာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကို ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အာဆီယံဇုန် အုပ်စု (F) တွင် ဆီဘူး (ဖိလစ်ပိုင်)၊ မက်အာသာ (ဩစတြေးလျ)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ အုပ်စု (G) တွင် တီရန်ဂါနူး (မလေးရှား)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ လာဂူနာ (ဖိလစ်ပိုင်)၊ စင်ထရယ်ကော့မာရီနာ (ဩစတြေးလျ)၊ အုပ်စု (H) တွင် ဟိုင်ဖုန်း (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ ဆာဘား (မလေးရှား) နှင့် မာကာဆာ (အင်ဒိုနီးရှား) တို့ ပါဝင်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်း ကြီးကြပ်ရေးကော်မတီ (၁၉) ကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းပွဲ ကျင်းပ

**သန်လျင် ဩဂုတ် ၂၇**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်း ကြီးကြပ်မှုကော်မတီ၏ (၁၉) ကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ဘက်စုံသုံး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသင်တန်း ကြီးကြပ်မှုကော်မတီ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်များတွင် Advanced Diploma in Business Management (BMAD) အောင်မြင်ပြီးသော သင်တန်းသား သင်တန်းသူ ၈၉ ဦးနှင့် Higher Diploma in Business Management (BMHD) အောင်မြင်ပြီးသော သင်တန်းသား သင်တန်းသူ ၁၁၅ ဦးတို့အနက် ဒီပလိုမာလက်မှတ် တက်ရောက်ယူမည့်သူ ၆၄ ဦးနှင့် အဝေးရောက် ၅၁ ဦး တို့ကို သက်ဆိုင်ရာဒီပလိုမာလက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဒီပလိုမာလက်မှတ်များ ချီးမြှင့်အပ်နှင်းပြီးနောက် ပါမောက္ခချုပ်က အမှာစကား ပြောကြားရာတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်း ကြီးကြပ်မှု ကော်မတီနှင့် WISE College တို့ ပူးပေါင်းပြီး Business Management Higher Diploma (BMHD) နှင့် Business Management Advanced Diploma (BMAD) သင်တန်းများကို ၂၀၀၄ ခုနှစ်မှစ၍ ဖွင့်လှစ်သင်ကြား ပေးခဲ့ရာ ယနေ့အချိန်တွင် BMHD (Batch 12) နှင့် BMAD (Batch 11) အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းခွင်အသုံးချသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်းအားဖြင့် လူငယ်များအတွက် အကျိုးဖြစ်ထွန်းစေရုံသာမက စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည့် အရည်အချင်း ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် တရားမျှတပြီး ရိုးသားပွင့်လင်းသည့် အသိတရားများရရှိစေရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီး ဒီပလိုမာလက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**



## ရေဦးမြို့ အ.ထ.က (၂) ၌ လူငယ်စကားဝိုင်းကျင်းပ

**ရေဦး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၆ ရက်က အ.ထ.က(၂) ဖိုးရာဇာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ငွေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်မူးယစ်ဆေး"၊ "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့်အားကစား"၊ " လူငယ်နှင့် မီဒီယာ" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းသန်း(ရေဦး)**

# ဓာတုလက်နက်ရှိသည်ဟူသော အမေရိကန်နှင့် ပြင်သစ်တို့၏ စွပ်စွဲချက်ကို ဆီးရီးယားရှုတ်ချ

**ဒမတ်စကတ် ဩဂုတ် ၂၇**

၂၀၁၃ ခုနှစ်က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီးတွင် ဓာတုလက်နက်အသုံးပြုခဲ့သည်ဟူသော အမေရိကန်နှင့်ပြင်သစ်တို့၏ စွပ်စွဲချက်ကို ဩဂုတ် ၂၆ ရက်တွင် ဆီးရီးယားက ငြင်းဆိုခဲ့သည်။

ဆီးရီးယားအစိုးရတပ်များသည် ဆီးရီးယားမြေပေါ်တွင် ဓာတုလက်နက် အသုံးပြုကာတိုက်ခိုက်ခဲ့သည်ဟူသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီတို့၏ ထုတ်ပြန်ချက်များကို ရှုတ်ချကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အဆိုပါကြေညာချက်များသည် သတင်းအချက်အလက်အမှားများဖြင့် အထင်အမြင်လွဲမှားအောင်ပြုလုပ်ခြင်းဖြစ်ပြီး အမှန်တကယ်ကျူးလွန်သူများထံမှ အာရုံလွှဲရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ပြန်လည်ချေပပြောဆိုခဲ့သည်။

ဒမတ်စကတ်မြို့အရှေ့ပိုင်း ၂၀၁၃ ခုနှစ် Ghouta ဒေသ အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်ကိုဖော်ပြခဲ့ပြီး ပြင်သစ်နှင့်အမေရိကန်တို့သည် ၎င်းတို့၏အခန်းကဏ္ဍကို ဖုံးကွယ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ဆီးရီးယားနယ်မြေများတွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်အမျိုးမျိုးတွင် ဓာတုလက်နက်များနှင့် ပစ္စည်းများထောက်ပံ့ခြင်းတို့ပြုလုပ်ခဲ့သည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## တိုင်ဖွန်းဆာအိုလာသည် စူပါတိုင်ဖွန်းအဖြစ်သို့အားကောင်းလာ ဖိလစ်ပိုင်မြောက်ပိုင်း၌ မိုးသည်းထန်ပြီး လေပြင်းများတိုက်ခတ်နိုင်

**မနီလာ ဩဂုတ် ၂၇**

တိုင်ဖွန်းဆာအိုလာသည် ဩဂုတ် ၂၇ ရက် အရုဏ်တက်ချိန်တွင် စူပါတိုင်ဖွန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာကာ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မည်ဟု ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဗျူရိုက ပြောကြားသည်။

တိုင်ဖွန်းဆာအိုလာသည် တောင်တန်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း ဖိလစ်ပိုင် လေထု၊ ဘူမိရူပနှင့် နက္ခတ္တဗေဒဆိုင်ရာ ဝန်ဆောင်မှုများ စီမံခန့်ခွဲရေးအဖွဲ့က သတိပေးထားသည်။

လူဇွန်ကျွန်း မြောက်ပိုင်းရှိ အစ္စဘယ်လာပြည်နယ် ကမ်းရိုးတန်းရေပြင်တွင် တိုင်ဖွန်းဆာအိုလာသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှင့် လေပြင်းတိုက်နှုန်း တစ်နာရီလျှင် ၂၃၀ ကီလိုမီတာအထိ တိုက်ခတ်နိုင်ပြီး တောင် - အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားသည်။ တိုင်ဖွန်းဆာအိုလာသည် ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် သတ္တမမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။

ပစိဖိတ် မီးတောင်ရပ်ဝန်းတွင် တည်ရှိသော ဖိလစ်ပိုင်သည် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အခံရဆုံး နိုင်ငံများထဲတွင်ပါဝင်ပြီး လှုပ်ရှားနေသော မီးတောင်များ၊ မကြာခဏလျှင် လှုပ်ခြင်းနှင့် တစ်နှစ်လျှင် ပျမ်းမျှတိုင်ဖွန်းမုန်တိုင်းအကြိမ် ၂၀ ခန့်ဖြစ်ပွားကာ ရေကြီး မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ဆင်ဟွာ**

## ဩစတြေးလျနိုင်ငံ မြောက်ဘက်ကမ်းလွန်တွင် အမေရိကန် စစ်လေယာဉ်တစ်စင်း ပျက်ကျပြီး သုံးဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

**ကင်ဘာရာ ဩဂုတ် ၂၇**

ဩစတြေးလျနိုင်ငံမြောက်ပိုင်းကမ်းလွန်တွင် အမေရိကန်စစ်လေယာဉ်တစ်စင်း ပျက်ကျပြီးနောက် အမေရိကန်မရိန်းတပ်သား သုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိသည်။

အမေရိကန် မရိန်းတပ်သား ၂၃ ဦးလိုက်ပါလာသည့် ဘိုရင်း ဗီ- ၂၂ အော်စပရေးလေယာဉ်သည် ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီ ၄၃ မိနစ်တွင် ဒါဝင်မြို့ မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ မယ်လ်ဗဲလီကျွန်းပေါ်တွင် ပုံမှန်စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျရေကြောင်းကာကွယ်ရေးတပ်ဖွဲ့(ဒါဝင်)၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်အတွင်း သေဆုံးသူ သုံးဦးနှင့် ပြင်းထန်ဒဏ်ရာရရှိသူ ငါးဦးတို့ကို ရွိုင်ရယ် ဒါဝင် ဆေးရုံသို့ပို့ဆောင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေပြီး အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို ဆက်လက်စုံစမ်းနေကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

စစ်ဆင်ရေးတွင် ပံ့ပိုးရန်၊ ဒဏ်ရာရသူများကို ခွဲထုတ်ပြီး ဒါဝင်သို့ ပြန်ပို့ရန်နှင့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် လေယာဉ်ပျက်ကျသည့်နေရာကို ထိန်းသိမ်းရန်အတွက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များကိုလည်း မယ်လ်ဗဲလီကျွန်းတွင် ဖြန့်ကြက်ထားသည်။ ဩစတြေးလျကာကွယ်ရေးဌာနအဆိုအရ လေယာဉ်ပေါ်တွင် လိုက်ပါလာသူအားလုံးမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြောင်း အတည်ပြုထားသည်။

**ဆင်ဟွာ**



## မတ်လနောက်ပိုင်း အကျဉ်းသား ၁၅၀၀ ကျော် အီရန်လဲလှယ်

**တီဟီရန် ဩဂုတ် ၂၇**

အီရန်နိုင်ငံသည် ၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်း နိုင်ငံအများအပြားနှင့် အကျဉ်းသား ၁၅၃၁ ဦးအား လဲလှယ်ခဲ့ကြောင်း အီရန်တရားရေးဝန်ကြီး ရာဟီမီက ပြောသည်။

အခြားသောနိုင်ငံများနှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်ပြီး နိုင်ငံပိုင်သတင်းဌာန အိုင်အာရ်အင်န်အေနှင့် အင်တာဗျူးတစ်ခုတွင် ရာဟီမီက ထိုကဲ့သို့ ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါ ကာလအတွင်း အခြားသောနိုင်ငံများတွင် အကျဉ်းကျနေသည့် အီရန်နိုင်ငံသား ၂၉၈ ဦးကို လွှတ်ပေးခဲ့ကြောင်းနှင့် အီရန်နိုင်ငံနှင့် အခြားသော နိုင်ငံများအကြား သဘောတူညီချက်အရ အီရန်နိုင်ငံတွင် အကျဉ်းကျနေသော နိုင်ငံခြားသား ၁၂၃၃ ဦးကိုလည်း ပြန်လည်လွှတ်ပေးခဲ့ကြောင်း ရာဟီမီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုရှိရေးနှင့် ပတ်သက်ပြီးလည်း ရုရှား၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယားနိုင်ငံတို့နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ ဩဂုတ်လအတွင်း အကြမ်းဖက်သမား ၄၂ ဦးဖမ်းမိ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၇**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ အကြမ်းဖက်မှုနှိမ်နင်းရေးဌာနမှ သတ်မှတ်ထားသည့် အကြမ်းဖက်အဖွဲ့အစည်းများမှ အကြမ်းဖက်သမား ၄၂ ဦးကို ဩဂုတ်လအတွင်း ဖမ်းဆီးခဲ့ကြောင်း တရားဝင် အချက်အလက်များအရ သိရသည်။

ဖမ်းဆီးခံထားရသည့် အကြမ်းဖက်သမားအားလုံးသည် အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင် ပတ်သက်ခြင်း သို့မဟုတ် အဖျက်အမှောင့်လှုပ်ရှားမှုများ လုပ်ဆောင်ရန် စီစဉ်ခဲ့ကြပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် လူသစ်များ စုဆောင်းခြင်းကိုလည်း လုပ်ဆောင်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

## ဖလော်ရီဒါပြည်နယ်၌ လူမျိုးရေးခွဲခြားသည့်သေနတ်သမားကြောင့် သုံးဦးသေဆုံး

**ဖလော်ရီဒါ ဩဂုတ် ၂၇**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ဂျက်ဆင်ဗီလ်မြို့ ဈေးချထားသည့် စတိုးဆိုင်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။ အမုန်းတရားကြောင့် ဖြစ်ပေါ်လာသည့် ရာဇဝတ်မှုဟုတ်မဟုတ်ကို ရဲများက စုံစမ်းစစ်ဆေးနေကြသည်။ သေဆုံးသူများမှာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ပြီး လူမည်းများဖြစ်ကြသည်။ သေနတ်သမားမှာမူ လူဖြူအမျိုးသားဖြစ်သည်။ ပစ်ခတ်မှုအပြီးတွင် ၎င်းကိုယ်တိုင် အဆုံးစီရင်သွားသည်။

အဆိုပါ ပစ်ခတ်မှုမှာ လူမျိုးရေးမုန်းတီးမှုကြောင့် ဖြစ်ပေါ်လာသည့် ပစ်ခတ်မှုဖြစ်ပြီး အသက် ၂၀ ဝန်းကျင် သေနတ်သမားမှာ လူမည်းများကိုမုန်းတီးကြောင်း စာချွန်ရစ်ခဲ့သည်ဟု ဂျက်ဆင်ဗီလ်မြို့မှ ရဲအရာရှိ ကပြောသည်။

မြို့သူမြို့သားများမှာ အဆိုပါဖြစ်ရပ်ကြောင့် ကြောက်ရွံ့ကာဝမ်းနည်းနေကြပြီး အမုန်းတရားကိုအခြေခံသည့် ပစ်ခတ်မှုမျိုး နောက်ထပ်မကျူးလွန်ရန် ပြုလုပ်ရမည်ဟု ဂျက်ဆင်ဗီလ်မြို့တော်ဝန်က ပြောသည်။ လူမျိုးရေးကိုအခြေခံသည့် ခွဲခြားဆက်ဆံမှုကို အဆုံးသတ်ရန် ဝါရှင်တန်မြို့၌ ချီတက်ပွဲပြုလုပ်ကြစဉ် ယခုကဲ့သို့ ရာဇဝတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



အခင်းဖြစ်ပွားရာနေရာတွင် ရဲကားများကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးစပါးအထွက်နှုန်းကောင်းမွန်စေရေး ကွင်းသရုပ်ပြပွဲတက်ရောက်

**မုံရွာ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ပဲကတိုးကျေးရွာတွင် ကျင်းပသော ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောနှောကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများအားလုံးတွင် စပါးကိုအဓိကထားပြီး ဆီထွက်သီးနှံအပါအဝင် အခြားသီးနှံများကို သတ်မှတ်စိုက်ကွေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးစပါး၊နွေစပါးတစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိရေးနှင့် အခြားစိုက်ပျိုးသီးနှံများလည်း ပန်းတိုင်အထွက်နှုန်းရရှိရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးတောင်သူများအား လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းနိုင်ရေးပံ့ပိုးခြင်းနှင့် နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံများကို ရာသီအချိန်မီ သတ်မှတ်ချက်များနှင့်အညီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် သီးနှံများအထွက်တိုးကာ တိုင်းဒေသကြီး၏ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကို အားပေးကူညီလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးစပါးပန်းတိုင်အထွက် ရရှိရေးအတွက်စံပြကွက် ၁၀ ဧကအတွင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအချိုးကျရောစပ်ကာ စုပေါင်းကြဲပက်နေမှုနှင့် တမန်းနှိုးနေမှုများကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ် ပဲကတိုးကျေးရွာရှိ ဒေသခံစိုက်ပျိုးရေးတောင်သူများအား မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော် စေတီတော်ကြီးသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များကိုတွေ့ဆုံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လာရောက်ဖူးမြော်သူများ အဆင်ပြေစေရန်အတွက် လိုအပ်သည်များကို ဝန်ဆောင်မှုပေးရသူများ ဖြစ်ပါကြောင်း၊ စေတီပုထိုးများ ရေရှည်တည်တံ့ရေးနှင့် ဘုရားဖူးလာသူများ အဆင်ပြေစွာဖြင့် ဖူးမြော်နိုင်ရေးအတွက် ပြုပြင်မွမ်းမံထိန်းသိမ်းရန် လိုအပ်သောနေရာများအား ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဦးဆောင်မှုကိုခံယူ၍ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စူဠာမဏိကောင်းမှုတော်စေတီတော်ကြီး ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စူဠာမဏိကောင်းမှုတော်စေတီတော်ကြီး ပတ်ဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် အနောက်ဘက်စောင်းတန်းတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်ကြီးသို့ရောက်ရှိပြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုညရှင်သာသနာ့ဗိမာန်တော်ကြီးအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်တည်ဆောက်ရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ရေးအတွက် စေတီတော်ဝန်းကျင်အား သပ်ရပ်သန့်ရှင်းအောင် ဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘုရားဖူးပြည်သူများ လာရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုအခြေအနေများကို တာဝန်ရှိသူများနှင့် လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မွေးမြူရေးဇုန်ဖော်ထုတ်မည့် မြေနေရာသို့ သွားရောက်စစ်ဆေး

**မော်လမြိုင် ဩဂုတ် ၂၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဖံဖကျေးရွာကွင်းအမှတ်(၇၆၁) စားကျက်မြေဧက ၁၃၀ တွင် မွေးမြူရေးဇုန်ဖော်ထုတ်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက မွေးမြူရေးဇုန်ဖော်ဆောင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးဇုန်များ ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ စားကျက်မြေများတွင် ကျူးကျော်မှုများ မရှိစေရေးနှင့် လိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံအနောက်ရပ်ကွက် မြို့မအမှတ်(၁)ဈေး ပျံကျဆိုင်ခန်းများ နေရာသို့ သွားရောက်စစ်ဆေးကာ မြို့အင်္ဂါရပ်နှင့်အညီ ဈေးဆိုင်ခန်းများ တည်ဆောက်သွားရေး၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်သွားရေးကို မှာကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်သည် မဟာကန်တော်ကြီးကို သွားရောက်၍ ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေး၊ လမ်းမြေများတွင် ကျူးကျော်များ မရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မဟာကန်တော်ကြီးအတွင်း လှေပြိုင်ပွဲများ ကျင်းပပြုလုပ်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာလွတ်–ကြံခင်း – ကတောင်စိန် တောင်ဖြတ်လမ်း ဖောက်လုပ်မှုလုပ်ငန်းခွင်သို့လည်းကောင်း၊ ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်း ကျေးရွာသို့ ဆက်သွယ်မည့် ၈၂၈၂ ပေရှိ ကလို့ရွာရှောင်လမ်းမြေသားလမ်းနှင့် ကျောက်ရောမြေ/ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာသို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

◆ *ကျောဖုံးမှ*

ကြိုးစားလာခဲ့ရာ ပွဲချိန် ၈၅ မိနစ်တွင် ရရှိခဲ့ပြီး ဘော့ဂ်လီက သွင်းယူပေးခဲ့သည်။ ချေပဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် သုံးမိနစ်အကြာတွင် မန်စီးတီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဖိုဒင်၏ ဖန်တီးမှုကို ရိုဒရီက အဆုံးသတ်သွင်းယူပေးခဲ့သည်။

ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် မန်စီးတီးအသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘန်လေနှင့် အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲချိန်ပြည့်သည်အထိ အကြိတ်အနယ်ရှိခဲ့ပြီး ဗီလာအသင်းက သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင် ဘန်လေအသင်းသည် ဗီလာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုနှင့် ဂိုးရနိုင်သည့် အခွင့်အရေးဖန်တီးမှု အားနည်းခဲ့သည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးများကို ကတ်ရှ်နှင့် ဒီယာဘီတို့က သွင်းယူပေးခဲ့သည်။ ဘန်လေအသင်းအတွက် ချေပဂိုးကို ဖော်စတာက သွင်းယူပေးခဲ့သည်။ ဩဂုတ် ၂၇ ရက်နံနက်က ယှဉ်ပြိုင်သည့် ဘရိုက်တန်နှင့် ဝက်ဟမ်းတို့ပွဲတွင် ဝက်စ်ဟမ်းက သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **အောင်ဇော်**

# ANS Future1 မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကာ ANS Future1 မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်ယာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်၌ “ရုံပိတ်” ပွဲအဖြစ် တွဲဆိုင်း ကိုးဆိုင်းကျင်းပခဲ့သည်။

အဆိုပါငါးချီ စိန်ခေါ်ပွဲများ၌ သန့်ဇင်(တော်ဝင်ရော)နှင့် စောဂျွန်(နဂါးမာန်) ပြိုင်ပွဲတွင် အချီပြည့်ထိုးကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲသရေကျခဲ့သည်။ ထို့ပြင် နိုင်အောင်ရှင်(Lethwei Warrior) နှင့် မောင်ဇော်(ဟံသာဝတီသား)၊ ကြယ်ဇင်ထွန်း(Lethwei Warrior) နှင့် ရဲလင်းဦး (Smart Fight) ပြိုင်ပွဲတွင် တစ်ဦးနှင့်တစ်ဦးအမှား မခံဘဲ သူတင်ကိုယ်တင်ငါးချီပြည့်ထိုးကြကာ သရေပွဲဖြစ်ခဲ့သည်။ **(အောက်ယာပုံ)** ထို့နောက်လေးချီပြိုင်ပွဲ၌ ဆလိုင်းထန်ခ်ီးရှိန် (ကျားမနိုင်) ဒူးတိုက်ချက်ကြောင့် ဒုတိယအချီတွင် အောင်ထွန်းဘို (ဒို့ရိုးရာ)နှစ်ကြိမ်အနားတောင်းခဲ့ကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ ဆလိုင်းထန်ခ်ီးရှိန်အနိုင်ရရှိသွားသည်။ ဆက်လက်၍ သုံးချီပြိုင်ပွဲ၌ သန်းလင်းအောင်(Ray)နှင့် စောဂျေဒီးဒီး(YFC)၊ ထွန်းလင်းအောင်(ဒို့ရိုးရာ)နှင့် မိုးသောက်ကြယ် (လုံးချောကလပ်)တို့ပြိုင်ပွဲများ သရေပွဲဖြစ်ခဲ့ပြီး စောထီး(ကျားမနိုင်) က အောင်အောင်(ဒို့ရိုးရာ) ကိုဒုတိယအချီတွင်အနိုင်ရရှိပြီး စောကျော်ထူး(YFC)က ရဲလင်းနိုင် (Smart Fight)ကို ဒုတိယအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။ ရိန်းကြွယ်နော်(Python–MMA)က ရဲလင်းဇော်(Smart Fight) ကို လက်သီးထိုးချက်ဖြင့် ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိသွားသည်။ ပြိုင်ပွဲများအပြီး မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် CEO တို့က အကောင်းဆုံး လက်ဝှေ့ရေးဆု၊ တွဲဆိုင်းဆုတို့ကို ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။



**အာကာစိုး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော် ဩဂုတ် ၂၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက** (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် မိမိအနေဖြင့် အပိုင်းနှစ်ပိုင်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ပထမပိုင်းအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဓိက တာဝန်ယူဆောင်ရွက်နေသည့် ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်အပိုင်းများ၊ ဒုတိယဝန်ကြီးများ ရှင်းလင်းခဲ့သည့် ကုန်စည်ဈေးနှုန်းနှင့် ပတ်သက်သည့် အပိုင်းများကိုလည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ဘဏ်စနစ်ကိုသုံးစွဲပြီး ကုန်သွယ်မှုဆောင်ရွက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းမှန်ထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း**ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်ကိုလည်း ပြောကြားသွားပြီးဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း အဓိကပို့ကုန်၊ သွင်းကုန်ကိစ္စဆောင်ရွက်သည့်အခါ အဓိကပို့ကုန်ပိုင်းမှာ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ပို့ကုန်နှင့်ပတ်သက်သည့် မူဝါဒသည် ပြည်တွင်း၌ ဖူလုံပြီး ပိုလျှံလျှင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိအနေအထားမှာ ရှေ့တွင်ဆွေးနွေးခဲ့သကဲ့သို့ လက်ရှိသုံးစွဲနေသည့် ဒေါ်လာငွေသုံးစွဲမှုကိုလျှော့ချပြီး အခြားအိမ်နီးချင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ၏ ငွေကြေးများကိုသုံးစွဲပြီး ကုန်သွယ်မှုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဗဟိုဘဏ်၊ FESC ကော်မတီတို့က ဆောင်ရွက်ထားကြကြောင်း၊ ၎င်းအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း လိုက်ပါဆောင်ရွက်နေသည့် အခြေအနေများရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် သုံးစွဲသည့် မြန်မာကျပ်ငွေဘဏ်စနစ်ကို သုံးစွဲရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဘဏ်စနစ်ကိုသုံးစွဲပြီး ကုန်သွယ်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏မူဝါဒဖြစ်ခြင်းကြောင့် ဘဏ်စနစ်ကို ဆောင်ရွက်သည့်အခါ ဘတ်နှင့်ကျပ်ငွေ ဆောင်ရွက်ရန်ကိစ္စကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကစပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းလွှာထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံက ပို့ကုန်တင်ပို့သည့်ငွေများ၊ အခြားရငွေဖြစ်သည့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သည့်သူများလည်းရှိသည့်အတွက် ထိုငွေနှင့်ရသည့်ငွေများကို ဘဏ်ထဲသို့ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းစနစ်များနှင့် ထည့်သွင်းဆောင်ရွက်ရကြောင်း၊ ဘဏ်ထဲရောက်နေသည့်ဘတ်ကို သွင်းကုန်ဆောင်ရွက်သည့်အခါ ဘဏ်စနစ်ကို သုံးပြီးဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုများဆောင်ရွက်သည့်အခါ ယွမ်နှင့်ကျပ်ငွေကို ဘဏ်စနစ်သုံးပြီး ဆောင်ရွက်နိုင်ရန် သတင်းလွှာထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ယင်းသတင်းလွှာထုတ်ပြန်ပြီး ရရှိသည့်ငွေကြေးယွမ်ကို သတ်မှတ်သည့်ဘဏ်များ၌ ဘဏ်ကိုအသုံးပြုပြီး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမင်းမင်း ရှင်းလင်း ပြောကြားစဉ်။

သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရန် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ပို့ကုန်နှင့်ပတ်သက်ပြီး မိမိတို့က ပို့ကုန်များများ တင်ပို့နိုင်ရန်နှင့် ပို့ကုန်တင်ပို့နိုင်မှသာလျှင် ထိုပို့ကုန်မှရငွေဖြင့် သွင်းကုန်များကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးအလေးပေး ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

နယ်စပ်ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းများတွင် ယခင်က ပို့ကုန်ရငွေ MFTB ကို သက်ဆိုင်ရာငွေကြေးနှင့် ပို့ကုန်ရငွေ ရရှိပြီးမှသာ ပို့ကုန်ခွင့်ပြုခြင်းကို ဆောင်ရွက်ပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များ ပိုပြီးလွယ်ကူချောမွေ့စေရန်အတွက် ထိုငွေအစားကို မြန်မာကျပ်ငွေနှင့် သက်ဆိုင်ရာဘဏ်ထဲရှိ ၎င်းတို့၏ မြန်မာကျပ်ငွေရှိထားသည်ဆိုလျှင် မြန်မာကျပ်ငွေ Deposit ထားလျှင် Deposit အပေါ်မူတည်ပြီး တင်သွင်းမည့်ပစ္စည်းများကို မိမိတို့အနေဖြင့် ခွင့်ပြုပြီး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ပို့ကုန်လုပ်ငန်းပိုင်းတွင် ပိုပြီးလျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းရှိကြောင်း၊ ထို့အတူ မြဝတီလမ်းကြောင်းတွင် မြေပြိုကျမှုဖြစ်ပြီး လမ်းကြောင်းဆက်သွယ်မှုပြတ်တောက်သွားကြောင်း၊ လမ်းကြောင်းပြတ်တောက်သွားသည့်အတွက် ထိုင်းနိုင်ငံကိုတင်ပို့သည့် ပို့ကုန်များအပြင် အခြားနိုင်ငံများသို့ တင်ပို့နေသည့် ကုန်ပစ္စည်းများ ရပ်တန့်မှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ မြဝတီပို့ကုန်လိုင်စင်ယူထားသည်ဆိုလျှင်၊ မြဝတီလမ်းကြောင်းမှ မပို့နိုင်တော့ဘူးဆိုလျှင် အခြားလမ်းကြောင်း၊ ပင်လယ်ရေကြောင်းမှဖြစ်စေ အခြားစခန်းများမှ တင်ပို့နိုင်ရန်အတွက် သတင်းလွှာကို အချိန်မီထုတ်ပြန်၍ သက်ဆိုင်ရာ လုပ်ငန်းရှင်များကို အသိပေးပြီး ပို့ကုန်တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ သွင်းကုန်ပိုင်းတွင် အဓိကသွင်းကုန်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် သွင်းကုန်ကုန်ကြမ်းအဖြစ်တင်သွင်းကာ ကုန်ချောထုတ်နိုင်မည့်လုပ်ငန်းများကို သွင်းကုန်လိုင်စင်များ ပိုမိုဆောင်ရွက်ပေးခြင်းရှိကြောင်း၊ သွင်းကုန်အစားထိုး ကုန်ကြမ်းတင်သွင်းပြီး ထုတ်လုပ်ကြောင်း၊ ထုတ်လုပ်လိုက်သည့်ပစ္စည်းက ပြည်ပမှတင်သွင်းသည့် ကုန်ချောများကို အစားထိုးနိုင်ရန်အတွက် သွင်းကုန်မူဝါဒမှာလည်း မူဝါဒနှင့်အညီ ဆောင်ရွက်ပေးနေကြောင်း၊ MSME ၏ ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ ပြည်ပမှ မဖြစ်မနေ တင်သွင်းရသည့်ကုန်ပစ္စည်းများရှိကြောင်း၊ ဥပမာ- သွင်းအားစုကဲ့သို့ ဓာတ်မြေဩဇာမှစပြီး စက်မှုကုန်ကြမ်းပစ္စည်း စသည်တို့ကို သွင်းကုန်အနေဖြင့် ဆောင်ရွက်ပေးရန်ကိစ္စများကို လွယ်ကူချောမွေ့အောင်လုပ်ပြီး ဆောင်ရွက်ပေးသည့်အပိုင်းများရှိကြောင်း ပြောကြားသည်။

ဒုတိယအပိုင်းအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပကုန်သွယ်ရေးတင်မက ပြည်တွင်းကုန်သွယ်ရေးကိစ္စဆောင်ရွက်သည့်အခါ တက်ရောက်လာသည့် သတင်းမီဒီယာများစိတ်ဝင်စားမည့် ကုန်ဈေးနှုန်းကိစ္စများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေသည့် အပိုင်းများကိုလည်း ဆက်ပြီးဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၏ အဓိက အခြေခံအကြောင်းတရားများကို ကြည့်မည်ဆိုလျှင် ကုန်စည်ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းများရှိကြောင်း၊ သွင်းအားစုဈေးကြီးမြင့်ခြင်းကြောင့် ကုန်ထုတ်လုပ်မှု ဈေးမြင့်ခြင်းများရှိကြောင်း၊ ဝိသမလောဘသားများက မမှန်မကန် ကောလာဟလသတင်းများ ထုတ်လွှင့်ပြီး ဈေးကစားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိကြောင်း ပြောကြားသည်။

## ကုန်ဈေးနှုန်းကြီးမြင့်မှု

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုအများစုသည် ဝိသမလောဘသားများ၏ လှုံ့ဆော်မှုကြောင့် ဖြစ်သည်ကို အဓိကတွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဈေးကစားနေသူများကို ထိထိရောက်ရောက်အရေးယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမဖြစ်ပေါ်စေရန်နှင့် ကုန်ပစ္စည်းပြတ်လပ်မှုများ မရှိစေရေးအတွက် ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းထားကြောင်း၊ မူလတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက လုပ်ငန်းစဉ်များကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်ပြီး ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းပြီး စားနပ်ရိက္ခာပြည့်ပြည့်ဝဝထုတ်လုပ်နိုင်ရန် ထိထိရောက်ရောက် ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေဖြင့် ဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းများကို နေ့စဉ်စိစစ်ပြီး လိုအပ်သည့် ထိန်းကျောင်းမှုများကို စီမံဆောင်ရွက်နေကြောင်း ပြောကြားသည်။

## လယ်ယာထွက်ကုန်သွင်းအားစု လုံလောက်အောင်ပံ့ပိုးပေးနေ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် အဓိက ဆန်စပါးအပါအဝင် ပဲ၊ ပြောင်း၊ နှမ်း အစရှိသည့် လယ်ယာထွက်ကုန်သီးနှံများထွက်ရှိမှုသည် လက်ရှိ ပြည်တွင်းစားသုံးမှု လုံလောက်သည့်အပြင် ပြည်ပကို တင်ပို့ရောင်းချနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ပို့ကုန်သွင်းကုန်မူဝါဒအရ သွင်းအားစုများနှင့် ပတ်သက်ပြီး နိုင်ငံတော်မှ စိုက်ပျိုးထုတ်လုပ်မှုကို အားပေးသည့်အနေဖြင့် သွင်းအားစုများကို ခွင့်ပြုဆောင်ရွက်နေခြင်းများရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ယခင်နှစ်တွင် ဓာတ်မြေဩဇာအမျိုးမျိုး တင်သွင်းခြင်းကို တန်ချိန် ၃ သိန်းကျော်ခန့် တင်သွင်းခဲ့ကြောင်း၊ ယခုနှစ်တွင် ၆ သိန်းခန့် (၂ ဆနီးပါး) တင်သွင်းပြီး လယ်ယာထွက်ကုန်သွင်းအားစုအတွက် လုံလောက်အောင်ပံ့ပိုးပေးနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

အထူးသဖြင့် မိမိတို့မတတ်နိုင်သည့် သဘာဝဘေးအန္တရာယ်သည် နိုင်ငံအသီးသီး၌ ယခုနှစ်တွင် အယ်နီညို၏ သက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စားရေရိက္ခာထုတ်လုပ်မှုများ ထိခိုက်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့်လည်း ကြိုတင်လေ့လာဆန်းစစ်မှုများကို ပြုလုပ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စားရေရိက္ခာအထွက်နှုန်းများ လျော့ကျမည်ကို ခန့်မှန်းထားကြောင်း၊ သို့သော် မြန်မာနိုင်ငံသည် အီကွေတာ၏ မြောက်ဘက်ခြမ်းတွင် တည်ရှိသည့်အတွက်ကြောင့် အယ်နီညို စတင်သည့်ကာလ ခန့်မှန်းခြေသည် လာမည့် အောက်တိုဘာလခန့်တွင် ဖြစ်မည်ဟု ခန့်မှန်းကြောင်း၊

*စာမျက်နှာ ၁၇ သို့*

◆ **ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၏ အဓိက အခြေခံအကြောင်းတရားများကို ကြည့်မည်ဆိုလျှင် ကုန်စည်ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းများရှိ၊ သွင်းအားစုဈေးကြီးမြင့်ခြင်းကြောင့် ကုန်ထုတ်လုပ်မှု ဈေးမြင့်ခြင်းများရှိ၊ ဝိသမလောဘသားများက မမှန်မကန် ကောလာဟလသတင်းများ ထုတ်လွှင့်ပြီး ဈေးကစားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိ**

❒ **မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုအများစုသည် ဝိသမလောဘသားများ၏ လှုံ့ဆော်မှုကြောင့်ဖြစ်သည်ကို အဓိကတွေ့ရ၊ နိုင်ငံတော်အနေဖြင့်လည်း ဈေးကစားနေသူများကို ထိထိရောက်ရောက်အရေးယူရန် ဆောင်ရွက်နေပြီဖြစ်**

*စာမျက်နှာ ၁၆ မှ*

နိုဝင်ဘာလတွင် မိုးစပါးပေါ်မည် ဖြစ်ကြောင်း၊ အောက်တိုဘာလခန့်တွင် အယ်နီညိုစဝင်မှာဖြစ်သည့်အတွက် မိုးစပါးကို ထိခိုက်နိုင်ခြေမရှိဟု ခန့်မှန်းရကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ ဆန်လက်ကျန်သည် မြေပြင်လက်ကျန် တွက်ချက်မှုအရ တန်ချိန် ၃ ဒသမ ၅ သန်းကျော်ခန့် ကျန်ရှိနေသည်ဟု တွက်ချက်၍ရကြောင်း၊ ယင်းပမာဏသည် လာမည့်နိုဝင်ဘာလ မိုးစပါးထွက်ရှိသည့် ကာလအထိ ပြည်တွင်းတွင် ဆန်ဖူလုံမှုရှိနိုင်သည်ကို တွေ့ရှိရကြောင်း၊ တစ်ဖက်တွင်ပြည်တွင်းဆန်ဈေးနှုန်း ကြီးမြင့်နေခြင်းကို ထိန်းကျောင်းနိုင်ရန် မိမိတို့က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းပြီး တိုက်ရိုက်ရောင်းချခြင်းများအပြင် နိုင်ငံတော်အနေဖြင့် အရန်ဆန်စုဆောင်းသည့် အစီအမံကိုလည်း ဆောင်ရွက်နေသည်ကို ပြောကြားလိုကြောင်း၊ ထို့အတူ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း အစရှိသည့် လယ်ယာထွက်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ တင်ပို့နိုင်သည့်ပမာဏများ ကျန်ရှိနိုင်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီး တွက်ချက်သည့်အခါ ပိုလျှံလုံလောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စက်သုံးဆီ၊ စားအုန်းဆီများကို ပြည်ပမှ တင်သွင်းမှုများအပေါ် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများက ဖြစ်ပေါ်လာသည့် ကမ္ဘာ့ဈေးနှုန်းများ၊ အခြေခံဈေးနှုန်းများကို နိုင်ငံခြားငွေကိုလည်း သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ပြုထားပြီး ရောင်းချမည့် ဈေးနှုန်းများကိုလည်း သတ်မှတ်ပြီး ဆောင်ရွက်နေသည်ကိုလည်း ရှင်းလင်းတင်ပြလိုကြောင်း ပြောကြားသည်။



Global Business သတင်းဌာနမှ ဒေါ်ပိုးသိင်္ဂီကျော် မေးမြန်းစဉ်။

**Global Business သတင်းဌာနမှ ဒေါ်ပိုးသိင်္ဂီကျော်** က ယခုကဲ့သို့ ကြီးမားသည့် အကြောင်းအရာများထဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပို့ကုန်များ မြှင့်တင်ရန် အားပေးနေသည်ကိုလည်း တွေ့ရပါကြောင်း၊ ပို့ကုန်သမားများသည် နိုင်ငံ့ဝင်ငွေရှာသည့်သူများ ဖြစ်သည့်အတွက် အားပေးသင့်ကြောင်း၊ သို့သော် မိမိတို့အမြင်မှာ လက်တွေ့တွင် သွင်းကုန်သမားများသည်လည်း နိုင်ငံခြားငွေဝယ်ခွင့် ရှိပါကြောင်း၊ သွင်းကုန်များသွင်းကြကြောင်း၊ ပို့ကုန်သမားများသည် ရငွေကို ယခင်က ၆၅ ရာခိုင်နှုန်း၊ ယခု ၅၀ ရာခိုင်နှုန်း အစိုးရဈေးနဲ့ လဲလှယ်ရပါကြောင်း၊ အကျိုးခံစားမှုနည်းတယ်ဆိုသည့် အသံတွေလည်းကြားရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပို့ကုန်သမားများကို ဖြေလျှော့ပေးရန် ရှိ/မရှိနှင့် အစိုးရ၏သဘောထားကို သိရှိလိုကြောင်း၊ လက်ရှိမှာ အခြေခံစားကုန်တွေဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အပါအဝင် အသား၊ ငါးဈေးတွေလည်းမြင့်တက်နေပြီး စက်သုံးဆီ၊ ဒီဇယ်ဈေးတွေလည်းတက်၊ ရွှေဈေး ဒေါ်လာဈေးတွေလည်း မြင့်တက်နေပါကြောင်း၊ အဲဒီအပေါ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကဏ္ဍတစ်ခုချင်းစီအလိုက် ဈေးနှုန်းများကျပြီး ပြည်သူတွေအဆင်ပြေလာစေရန် မည်သို့ ဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က ပို့ကုန်သွင်းကုန်ကိစ္စကို မိမိအနေဖြင့် ကနဦးပြောသွားသည့်အထဲတွင် ပါပြီးဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းလည်း ပြောသွားပါကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်လည်း ပြောသွားပါကြောင်း၊ သွင်းကုန်သမားများကို မိမိတို့အနေဖြင့် မရှိမဖြစ်လိုအပ်သည့် သွင်းကုန်ဖြစ်သည့် ဆီ(၂)ဆီသည် မိမိတို့နိုင်ငံတွင် လုံလောက်မှုမရှိကြောင်း၊ စားသုံးဆီ၊ စက်သုံးဆီ အမှန်တကယ်လိုအပ်ကြောင်း၊ ဆေးဝါးဆိုလျှင် သွင်းကုန်သမားများ အနေဖြင့် အထူးအခွင့်အရေးပေးထားကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးထားရာတွင် ပို့ကုန်သမားများအတွက် ယခင်က ၁၀၀ ရာခိုင်နှုန်း မြန်မာကျပ်ငွေဖြင့် ပြန်လဲရကြောင်း၊ ၆၅၊ ၃၅ ဖြေလျှော့ကြောင်း၊ ယခုနောက်ဆုံး ၅၀၊ ၅၀ ဖြေလျှော့ခဲ့ကြောင်း၊ ၎င်းငွေထဲမှ ၅၀၊ ၅၀ ဖြေလျှော့သည့်အခါမှာ ၅၀ ရာခိုင်နှုန်းသည် သတ်မှတ်ရည်ညွှန်းဈေး ကျပ် ၂၁၀၀ ဈေးဖြင့် အစိုးရကိုသွင်းရကြောင်း၊ နောက်ထပ် ၅၀ ရာခိုင်နှုန်း ကျန်သည့်ငွေများကို ပို့ကုန်သမားနှင့် သွင်းကုန်သမားများ မချိတ်ဆက်နိုင်ပါက ဘဏ်ကိုပြန်သွင်းရကြောင်း၊ ၎င်းတို့ထံမှ ပြန်ဝယ်သည့်ဈေးသည် ၂၈၀၀ ဈေးဖြင့်ဝယ်ကြောင်း၊ ၂၈၂၂ ကျပ်ဖြင့် ပြန်ရောင်းပေးကြောင်း၊ သို့သော် ပြည်သူလူထုကို နားလည်အောင် ဝိသမလောဘဆိုပြီး ဒုတိယဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်များ ဆွေးနွေးသည့်အခါမှာ ပြောကြကြောင်း၊ အစိုးရက သာမန်ရိုးသားသည့် ကုန်သည်များကို ဝိသမလောဘသားဟု စွပ်စွဲသည်ဆိုသည့် ခေါင်းစဉ်များ တပ်လာကြောင်း၊ အစိုးရက ၂၈၂၀ ကျပ်ဖြင့်ဝယ်၍ ၂၈၂၂ ကျပ်နှင့် ပြန်ရောင်းပေးကြောင်း၊ ၂ ကျပ်သာကွာကြောင်း၊ ထို ၂ ကျပ်သည်လည်း လုပ်ငန်းဆောင်ရွက်မှုအတွက်သာဖြစ်ကြောင်း၊ သို့သော် ယခုလက်ရှိပြင်ပမှာပေါက်နေသည့် ဒေါ်လာပေါက်ဈေး ၃၅၀၀ ကျပ်ကျော်ဖြင့် အနည်းဆုံးညှိပြီးရောင်းနေကြောင်း၊ ၎င်းတို့ကို မိမိတို့က ဝိသမလောဘသားဟု မခေါ်လျှင် မည်သူများကိုခေါ်ရမည်ကို ဖြေပေးစေလိုကြောင်း၊ အစိုးရအနေဖြင့် စွပ်စွဲနေခြင်းမဟုတ်ကြောင်း၊ အထောက်အထားများဖြင့်သာ ပြနေခြင်းသာဖြစ်ကြောင်း၊ ၎င်းကိစ္စများနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် ထိုက်သင့်သည့်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ အားလုံးသိထားပြီးသားဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်ထဲတွင် မီဒီယာများနှင့် လက်ရှိအခန်းထဲတွင် ပထမဆုံးဦးတည်ဆွေးနွေးရသည့်လုပ်ငန်းသည် ဘဏ်ကိစ္စဖြစ်ကြောင်း၊ မီဒီယာများမှလည်း အထောက်အထားများဖြင့် ပြောကြကြောင်း၊ ဘဏ်များတွင် လူများစုပြုံပြီး ငွေထုတ်ခြင်း စသည်ဖြင့် ဘဏ်စနစ်ကို ပထမဆုံးပြိုလဲအောင် တိုက်ခိုက်ခဲ့ကြောင်း၊ ဘဏ်စနစ်ပြိုလဲပြီဆိုလျှင် တိုင်းပြည်၏ စီးပွားရေးသည်လည်း ပြိုလဲပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဦးတည်ပြီး တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဘဏ်စနစ်ကို ပြိုလဲအောင် တိုက်ခိုက်သည့်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ဘဏ်စနစ်ပြိုလဲသွားလျှင် တိုင်းပြည်၏စီးပွားရေး ပြိုလဲမှာဖြစ်သည့်အတွက်ကြောင့် ယခုလက်ရှိရှိနေသည့်ဘဏ်များကို မိမိတို့အနေဖြင့် အကူအညီပေးခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အကူအညီပေးနိုင်သမျှ အကူအညီအားလုံးကိုပေးခဲ့ကြောင်း၊ ဗဟိုဘဏ်မှထောက်ပံ့ပြီး ရပ်တည်ခဲ့ရကြောင်း၊ ယခုအချိန်တွင် ထိုအချိန်က အကူအညီရယူခဲ့သည့် တချို့သောဘဏ်များသည် သစ္စာမရှိသည်ကို တွေ့ရကြောင်း၊ တည်ငြိမ်ရေးနှင့်ပတ်သက်ပြီး ဘဏ်များ၊ UMFCCI တို့နှင့် မိမိတို့ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့လုပ်ဆောင်ချက်ကို မိမိတို့အနေဖြင့် ကြည့်မည်ဖြစ်ကြောင်း၊ ပို့ကုန်သမားများကို မိမိတို့ တဖြည်းဖြည်း ဖြေလျှော့ပေးခြင်းများရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ပို့ကုန်တွေနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်နေကြောင်း၊ အမြဲတမ်းပြည်ပပို့ကုန်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် စီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME များကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပို့ကုန်ပို့သူများကို ပိုပြီးအကျိုးရှိစေရန် အားပေးချီးမြှင့်နိုင်ရေးကို စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားရမည်ဆိုပါက ကဏ္ဍအလိုက်ကုန်ဈေးနှုန်းကြီးမားမှုနှင့်ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းသွားပြီးဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ခြင်းသည် အမြတ်လိုချင်၍ လုပ်ခြင်းဖြစ်ကြောင်း၊ ထိုက်သင့်သောအမြတ်သာဖြစ်သင့်ကြောင်း၊ ဆန်၊ စပါးဈေးနှင့်ပတ်သက်ပြီး ပြောရလျှင် သွင်းကုန်သွင်းအားစုဈေး မြင့်တက်၍ ဖြစ်ကြောင်း၊ ဆန်၊ စပါးစိုက်ပျိုးသည့်အခါ သွင်းအားစုရှိကြောင်း၊ ဓာတ်မြေဩဇာများ ထည့်သွင်းရခြင်းများရှိကြောင်း၊ ပိုးသတ်ဆေးပက်ဖျန်းရခြင်းများလည်းရှိကြောင်း၊ သို့သော် ဓာတ်မြေဩဇာနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် မည်သို့တင်သွင်းနေရကြောင်း၊ မည်ကဲ့သို့ ဦးစားပေးပြီး မည်သည့်ဈေးဖြင့် ဝယ်ရသည်ကို နှိုင်းယှဉ်လို့ရကြောင်း၊ ၂၀၂၂ ခုနှစ် မိုးစပါးရောင်းဈေးသည် ၉ သိန်းနှင့် ၁၀ သိန်းရှိကြောင်း၊ ယခုနှစ်တွင် ၁၇ သိန်း ၁၈ သိန်းရှိကြောင်း၊ ထိုဈေးနှုန်းသည် လယ်သမားများရောင်းချသည့် ဈေးဖြစ်ကြောင်း၊ ဧည့်မထစပါးသည် ယခင်က ၅၃၀၀၀၀၊ ယခုဆိုလျှင် ၁၈ သိန်းဝန်းကျင်ရှိကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်သလဲဆိုလျှင် တစ်ကမ္ဘာလုံးမှာ အယ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် အချို့သော ဆန်စပါး အဓိကပို့ဆောင်နေသည့် နိုင်ငံကြီးများသည် ၎င်းတို့၏ ပြည်တွင်းဖူလုံရေးကို အဓိကထားပြီး ဆန်စပါးတင်ပို့မည့်ကိုယ်တာများကို လျှော့ချလိုက်ခြင်းရှိကြောင်း၊ ကမ္ဘာ့ဆန်ဈေးကြီးလာနိုင်သည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ဆွဲတင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒသည်ရှင်းကြောင်း၊ ပြည်တွင်းဖူလုံရေးကိုသာ ဦးစားပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ စားရေရိက္ခာပြည့်စုံဖူလုံမှ နိုင်ငံခြားသို့ပို့သည့်ကိစ္စကို ဒုတိယဦးစားပေးစဉ်းစားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လိုအပ်သည့် မူဝါဒထိန်းညှိပေးရန် မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ ကန်ရေများဖြင့် မိုးစပါးများ စိုက်ပျိုးလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း မိုးစပါးများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေ၊ ကန်ရေများကို ဩဂုတ် ၁ ရက်မှ စတင်၍လွှတ်ပေးခဲ့ရာ ယခုအခါ မိုးစပါးများ စိုက်ပျိုးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်ထိန်းသိမ်းမှုအောက်ရှိ ဆည်တမံ၊ ကန်များဖြင့် မိုးစပါးများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိတ္ထီလာကန်ရေဖြင့် ဧက ၂၅၅၀၊ မုန်တိုင်ဆည်ရေဖြင့် ၃၃၃ ဧက၊ ချောင်းကောက်ဆည်ရေဖြင့် ၁၂၅၆ ဧက၊ မြင်တော်ကန်ကန်ရေဖြင့်၁၁၃ ဧက၊ညောင်ကုန်းဆည်ရေဖြင့် ၁၄၅ ဧက၊ လက်ခုပ်ပံဆည်ရေဖြင့် ၁၆၄ ဧက၊ ရှမ်းမငယ်ဆည်ရေဖြင့် ၄၉ ဧက တို့ကို စိုက်ပျိုးနိုင်ရန် သတ်မှတ်လျာထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကောင်းသည့် မျိုးစပါးများကို အဓိက ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယမန်နှစ်က မြို့နယ်အတွင်းရှိ ဆည်များ၊ ကန်များဖြင့် မိုးစပါး ၅၄၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ညောင်ဦးမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ဆက်လက်ရောင်းချပေး

**ညောင်ဦး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံ ရောင်းချပေးလျက်ရှိသည်။

ဩဂုတ် ၂၆ ရက်တွင် ညောင်ဦးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကားဖြင့်လှည့်လည်၍ ဆက်လက်ရောင်းချပေးနေကြောင်း၊ ပြည်သူများ စားဝတ်နေရေးတွင် တစ်ဖက်တစ်လမ်းမှ အဆင်ပြေကြစေရန် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကာ လူတစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာကို ကျပ် ၄၄၅၀ နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း၊ ညောင်ဦးမြို့ အမှတ်(၅) သီလရင်စုရပ်နေ ပြည်သူများအတွက် ကားဖြင့် စားအုန်းဆီများ လိုက်လံရောင်းချပေးရာတွင် စားအုန်းဆီပိဿာချိန် ၁၁၀၀ ရောင်းချပေးနိုင်ခဲ့ကြောင်းနှင့် ရပ်ကွက်/ကျေးရွာများသို့ အလှည့်ကျ လှည့်လည်ရောင်းချပေးမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းစိုးထံမှ သိရသည်။

**ဒီပါလင်း**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ may နဲ့ might အကြောင်း နမူနာဝါကျများနဲ့သာမက လေ့ကျင့်ခန်းများနဲ့ပါ ပြည့်ပြည့်စုံစုံလေးရှင်းပြပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life–III" နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–III" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် (Antonyms) စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး may နဲ့ might တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို ပိုပြီး နားလည်သဘောပေါက်အောင် နမူနာဝါကျများနဲ့တကွ လေ့ကျင့်ခန်းများနဲ့ပါ ထပ်မံရှင်းလင်းဖော်ပြလိုက်ပါတယ်။**

အထူးသဖြင့် May တွင် Tenses ပုံစံနှစ်မျိုးရှိသည်။ ၎င်းတို့မှာ –

- May (Present Tense)
- Might (Past Tense) တို့ဖြစ်ကြသည်။ ဥပမာ –

**Present:** I may, you may, he may.

**Past:** I might, you might, he might.

❖ အကူကြိယာအနေဖြင့်ဆိုလျှင် May နှင့် Might တို့သည် ရည်ရွယ်ချက် (purpose) နှင့် ဆန္ဒ (ဝါ)ဆုတောင်းခြင်း (wish) တို့ကို ဖော်ပြသည်။ အောက်မှာပေးထားတဲ့ နမူနာဝါကျများကို လေ့လာကြည့်ရအောင် –

- We eat that we ***may*** live. (Purpose)
- The worked that they ***might*** not starve. (Purpose)
- ***May*** you always be happy. (Wish)
- ***May*** success attend you. (Wish)

❖ အဓိကကြိယာအနေဖြင့် may နှင့် might ကို ခွင့်ပြုခြင်း (permission) နှင့် ဖြစ်နိုင်ခြင်း (possibility) တို့ကို ဖော်ပြရာတွင် အသုံးပြုသည်။ ဥပမာ –

- ***May*** I come in? (Permission)
- You ***may*** go now. (Permission)
- ***May*** I use your penknife? (Permission)
- It ***may*** rain. (Possibility)
- It ***may*** be late tonight. (Possibility)
- The doctor ***may*** come tomorrow. (Possibility)

❖ အထူးမှတ်သားဖွယ်ရာများ

ဝါကျတစ်ခုတည်းတွင် အတိတ်ကာလကို ညွှန်းပြသည့် တခြားကြိယာ တစ်ခုပါပါက Might ကိုသုံးနိုင်သည်။ ဥပမာ –

- He ***said*** that you ***might*** use his pen.
- Ni Ni ***might*** go with us if she ***wished.***

ပစ္စုပ္ပန် အနာဂတ်ကာလတွင် သံသယဖြစ်ဖွယ်ကောင်းသောအယူအဆများကို may အစား might နှင့်လည်းဖော်ပြနိုင်သည်။ ဥပမာ –

- The doctor ***might*** come today/tomorrow.
- Mu Mu ***might*** go to college next year.

**Exercise (1) Write sentences with might.**

1. (it's possible that I'll go to the cinema)
   I might go to the cinema.
2. (it's possible that I'll see you tomorrow)
   I ………………………………………………….
3. (it's possible that Ann will forget to phone)
4. (it's possible that it will snow today)
5. (it's possible that I'll be late tonight)

**Write sentences with might not.**

6. (it's possible that Mary will not be here)
7. (it's possible that I won't have time to meet you)

**Exercise (2) Somebody is asking you about your plans. You have some ideas but you are not sure. Write sentences with I might and the words given in brackets.**

1. Where are you going for your holidays? (Italy)
   I'm not sure. I might go to Italy.
2. What are you doing at the weekends? (go away)
   I don't know. I ………………………………………..
3. When will you see Ann again? (on Monday)
   I'm not sure. I …………………………………………….
4. What are you going to have for dinner? (fish)
   I don't know. I …………………………………………….
5. How are you going to get home tonight? (take a taxi)
   I'm not sure. I …………………………………………….
6. I hear you won some money. What are you going to do with it? (a new car)
   I haven't decided yet. I ……………………………………

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (4) မှအဖြေများ**

1. OK, what time shall we meet?
2. OK, where shall we go?
3. OK, what shall we buy?
4. OK, who shall we invite?

**Exercise (5) မှအဖြေများ**

1. Shall I open the window?
2. Shall I turn off the television?
3. Shall I make some sandwiches?
4. Shall I turn on the light?

## VOCABULARY (ANTONYMS)

1. teach (သင်ကြားပြသသည်) not equal to learn (လေ့လာသင်ယူသည်)
2. these (ဤအရာများ) not equal to those (ထိုအရာများ)
3. thick (ထူသော) not equal to thin (ပါးသော)
4. this (ဤအရာ) not equal to that (ထိုအရာ)
5. tight (ကျပ်သော) not equal to loose (ချောင်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Immigrant Life – III"

**ဒီတစ်ပတ်မှာတော့ "Immigrant Life–III" နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–III" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**Conversation**

**Immigrant Life Part –3**

**What job are you going to have?**

**Maggie:** What job are you going to have here?

**Laura:** I'm going to be a translator at an international food company.

**Maggie:** This job seems to be right up your alley. I bet you can switch from one language to another with ease.

**Laura:** You could say that. I've always been passionate about languages. How about you? What languages do you speak?

**Maggie:** I speak English and Spanish fluently. Spanish is a must here, since Miami is two–thirds Hispanic.

**Laura:** Were you born here in Miami, Maggie?

**Maggie:** No, I was born in Kentucky and I moved here three years ago.

**Laura:** What do you do for a living?

**Maggie:** I'm a receptionist in a hotel on the beach.

**Laura:** Are you enjoying it here?

**Maggie:** Yes, very much. I should have moved here sooner. I chose to live and work in Miami for the lifestyle. I love the tropical climate: the sunsets, the breeze, the palm trees and the relaxed atmosphere. Miami has the best beaches in the world. To me, living life on a tropical beach is like a beautiful dream.

**Language Focus**

**What job are you going to …?**

၁။ ဘယ်အလုပ်ကို လုပ်သွားမလဲ ဆိုပြီး မေးတဲ့ပုံစံဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက်ဂရုစိုက်ရမှာက be going to + Vinf ပုံစံပဲဖြစ်ပါတယ်။ ဒီပုံစံကို မကြာမီတစ်ခုခုလုပ်တော့မယ်၊ ဖြစ်တော့မယ်ဆိုပြီး ပြောရင်သုံးနိုင်ပါတယ်။ ဒီနေရာမှာကတော့ ဥပမာ အနေနဲ့ What job are you going to have here? ဆိုပြီး မေးပြထားပါတယ်။

**Where/Were you born ….?**

၂။ ဒီနေရာမှာ ဘယ်မှာမွေးတာလဲဆိုပြီးပြောရင်တော့ Where were you born နဲ့မေးနိုင်ပါတယ်။ သို့သော (ဒီမှာ) မွေးတာလားဆိုရင်တော့ Were you born (…) ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- Were you born in Mandalay?
  မန္တလေးမှာမွေးတာလား။
- Were you born in Singapore?
  စင်ကာပူမှာမွေးတာလား။
- Where were you born?
  ဘယ်မှာမွေးတာလဲ။

**Speak Vs Talk**

Speak က ပိုပြီးအသုံးများပြီး formal ဆန်ပါတယ်။ Talk ကတော့ casual လိုမျိုး ပေါ့ပေါ့ပါးပါးနဲ့သုံးနိုင်ပါတယ်။ ဥပမာ –

- I would like to speak with manager.
- Can I speak with you?
- Can I talk with you?
- Can we speak about our project?
- I want to talk about what happened last night.

Speak to (someone)

Speak with (someone)

Speak about (someone or something)

Talk to (someone)

Talk with (someone)

Talk about (someone or something)

ဘာသာစကားတစ်ခုခုကို ပြောတယ်ဆိုရင် Speak နဲ့ပြောပါတယ်။ ဥပမာ–

- Can you speak English?
- How many languages do you speak?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။




# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ မြဝတီအသင်း သုံးကြိမ်မြောက်ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၇

၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀)နောက်ဆုံးနေ့ကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ တစ်ဂိုးစီသရေကျပြီး မြဝတီအသင်း ချန်ပီယံဆု ရရှိခဲ့သည်။

မြဝတီအသင်းသည် နှစ်ရာသီဆက်တိုက် ဝေးကွာနေသည့် အမှတ်ပေးချန်ပီယံဆုကို တစ်ကျော့ပြန် ရယူနိုင်ခဲ့ပြီး သုံးကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားသည့် အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဆုကာကွယ်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ချန်ပီယံဆု လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် နှစ်သင်းမှာ ရာသီပိတ်နောက်ဆုံးပွဲ တွေ့ဆုံခဲ့ပြီး ၂၅ မိနစ်တွင် နန့်မေသဇင်က အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၄၁ မိနစ်တွင် စန်းသော်သော်က မြဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ၁၀ ပွဲကစား ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရမှတ် ၂၆ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး အား/ကာ သိပ္ပံအသင်းက ၂၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အသင်းက ကိုးမှတ်ရရှိခဲ့ပြီး Young Lionesses အသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ကာ အမှတ်မရခဲ့ပေ။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ၁၆ ဂိုးစီဖြင့် မြဝတီအသင်းတိုက်စစ်မှူး စန်းသော်သော်နှင့် အား/ကာသိပ္ပံအသင်းခေါင်းဆောင် ခင်မာလာထွန်းတို့က ပူးတွဲရရှိပြီး တတိယဆုရရှိခဲ့သည့် သစ္စာအားမာန် အမျိုးသမီးအသင်းက ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ဒုတိယရရှိသည့် အား/ကာသိပ္ပံအသင်းက ဆုကြေးငွေကျပ်သိန်း ၁၂၀၊ ပထမဆုရရှိသည့် မြဝတီအသင်းက ဆုကြေးငွေကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ ရရှိခဲ့သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ-MWL




## ကိုဗစ် - ၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

(၂၇-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၅ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖုန်းက အသင်းသားများအား အစုပေါ်အမြတ်နှင့် ထောက်ပံ့ကြေးငွေကျပ် ၅၁၆၀၀၀ ပေးအပ်စဉ်။

အာကာလင်း

## ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ထူးခြားသည့်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

ထူးခြားသည့်အခြေအနေမှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "စအိုလာ" သည် အရှေ့ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရမည်းသင်း အ.ထ.က (ရွာတန်း)၌ လူငယ်စကားဝိုင်းကျင်းပ

ရမည်းသင်း ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၅ ရက်က ရမည်းသင်းမြို့ ရွာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ ရွာတန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်စိုးစိုးက အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ ရွာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းမှုကို ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ပြောကြားပြီး ခရိုင်ဦးစီးမှူးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၈၀ ကျပ် | ၂၃၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၅၀၀ | ၆၀၅ | ၅၆၇၇၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၈၆၀၅ | ၅၈၆၂၁၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၇၀၀ | ၁၁၄ | ၁၉၇၉၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀၀ | ၂၄၅၀၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၃၅၇ | ၈၂၁၁၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၃၆ | ၁၇၂၈၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၅၀ | ၉၅၀၀၀ |

ညီညီ - စုစည်းသည်

# ရှမ်းတောင်ဒေသ ဆိုက်ခေါင်မြို့ထွက် ကျောင်းချယ်ပျားနာနတ်

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆိုက်ခေါင်မြို့အနီးတစ်ဝိုက်ရှိ ကျောင်းချယ်၊ လွယ်ဆမ်ဆစ်ကျေးရွာတို့တွင် ဆိုက်ခေါင် နာနတ် ( ခေါ် ) ပျားနာနတ်ကို အများဆုံး စိုက်ပျိုးလေ့ရှိရာ ဆိုက်ခေါင်နာနတ်သီးသည် အခွံပါးပြီး အသားထူ၍အူတိုင်သေးသော အသီးများဖြစ်သည်နှင့်အညီ ပျားရည်ကဲ့သို့ ချိုသောအရသာရှိသောကြောင့် အများအားဖြင့် ပျားနာနတ်ဟူ၍လည်း တင်စားခေါ်ဝေါ်ကြကြောင်း သိရသည်။

ဆိုက်ခေါင်နာနတ်သီးတွင် ဆိုက်ခေါင် ကျောက်စိမ်းသီး၊ ဆိုက်ခေါင် ပျားနာနတ်ဟူ၍လည်း အမျိုးအစားကွဲပြားမှုရှိပြီး ဆိုက်ခေါင်ကျောက်စိမ်းသီး လက်လီဈေးနှုန်းမှာ အလုံးအလတ်တစ်လုံးလျှင် ငွေကျပ် ၇၀၀-၈၀၀ ဖြင့်လည်းကောင်း၊ အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၉၀၀-၁၁၀၀ ဖြင့်လည်းကောင်း ဈေးကွက်အတွင်း ရောင်းချလေ့ရှိပြီး ဆိုက်ခေါင် ပျားနာနတ်၏ လက်လီဈေးနှုန်းမှာ ငွေကျပ် ၂၅၀၀-၃၀၀၀ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ပျားနာနတ်သီးကို အသေး၊ အလတ်၊ အကြီးဟူ၍ အရွယ်အစား သုံးမျိုးခွဲခြားပြီး လက်ကားဝယ်ယူသူများဆီသို့ တင်ပို့လျက်ရှိရာ အသီး၏ အသေး၊ အလတ်၊ အကြီး စသည့်အလေးချိန်နှင့် အရွယ်အစားပေါ်မူတည်၍ ၅၀ ကျပ်သားအောက် အလုံးများကို တစ်ခြင်းလျှင် အလုံး ၄၀ ခန့် ဝင်ဆံ့သော ခြင်းများဖြင့်လည်းကောင်း၊ ၅၀ ကျပ်သားနှင့်အထက် တစ်ပိဿာအောက်အလုံးများကို တစ်ခြင်းလျှင် အလုံး ၄၀ ခန့် ဝင်ဆံ့သော ခြင်းများဖြင့်လည်းကောင်း၊ တစ်ပိဿာအထက် အလုံးများကို တစ်ခြင်းလျှင် အလုံး ၃၀ ခန့် ဝင်ဆံ့သောခြင်းများဖြင့် လည်းကောင်း ဒေသတွင်း ရောင်းချလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဆိုက်ခေါင်(ကျောင်းချယ်) ပျားနာနတ်သည် ဇူလိုင်လလယ်တွင် စတင်ထွက်ပေါ်ပြီး ဩဂုတ်လတွင် လှိုင်လှိုင်ထွက်ရှိကာ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။



DOCA (ရှမ်း)

# နတ်တလင်းမြို့နယ်အတွင်းဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အတွင်း မိုးသီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မိုးရာသီကာလတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများမှ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲချိန်ဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ (တတိယပတ်) တွင် နတ်တလင်းမြို့နယ်၌ ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများမှာ ဩဘာယူရီးယား (လုံးသေး) (၅၀-ကီလို) တစ်အိတ်လျှင် ငွေကျပ် ၇၉၀၀၀၊ ရွှေနဂါးယူရီးယား (လုံးသေး) (၅၀ ကီလို) တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၊ သံကွင်းတံဆိပ်တီစူပါ (တရုတ်) (၅၀-ကီလို) တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀၊ ကွန်ပေါင်း (ကောမတ်) ဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ပိုးသတ်ဆေးများမှာ မာဃမင်း(ဗီလန်ဒါ) တစ်လီတာတစ်ဘူးလျှင် ငွေကျပ် ၂၀၅၀၀၊ မာဃမင်း (ပီလာဖော့) တစ်လီတာတစ်ဘူးလျှင် ငွေကျပ် ၄၁၅၀၀၊ ဂိုးဒင်းဆန်း(အိုမာဟော့) တစ်လီတာတစ်ဘူးလျှင် ငွေကျပ် ၂၃၀၀၀၊ NAB(မိုင်းရား) တစ်လီတာတစ်ဘူးလျှင် ငွေကျပ် ၂၂၀၀၀ တို့ဖြစ်ကြောင်း စိုက်ပျိုး ရေးသုံး ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များမှ သိရသည်။



DOCA (ပဲခူး)

# အရောင်းသွက် တွက်ခြေကိုက်သည့် ကံ့ကော်သပြေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချင်းတွင်းမြစ်ရိုး အရှေ့ဘက်ရှိ ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်းကျေးရွာများသည် သပြေနှင့် ပန်းမာန်ဥယျာဉ် စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ခြင်းဖြင့် ပုံမှန်ဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။

အဓိကထားစိုက်ပျိုးသော သပြေအမျိုးအစားများမှာ သပြေ (ရိုးရိုး)၊ ပတ္တမြားသပြေ၊ ကျောက်စိမ်းသပြေ၊ အာဆီယံသပြေနှင့် ကံ့ကော်သပြေများဖြစ်ပြီး သပြေပျိုးပင်များကို ပြင်ဦးလွင်မြို့နယ်မှ မှာယူစိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး တစ်လလျှင် သုံးကြိမ် ရေသွင်းပေးပြီး ပိုးသတ်ဆေးဖျန်းပေးကာ နှစ်နှစ်သားအရွယ်ကစပြီး သပြေညွှန့်များကို ခူးဆွတ်ရောင်းချနိုင်သည်။ ဈေးကွက်အနေဖြင့် သပြေအစည်း(အသေး)တစ်ထုံးလျှင် ငွေကျပ် ၃၀၀၀ နှင့် သပြေအစည်း(အကြီး) တစ်ထုံးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မြို့ပေါ်ရှိ ပန်းဆိုင်များသို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချကြသည့် လက်လီပန်းရောင်းသူများနှင့် ခြံအရောက် လာရောက်ဝယ်ယူသူများရှိကြောင်း၊ သပြေတစ်ကေ စိုက်ပျိုးထားရှိလျှင် အနည်းဆုံး တစ်လဝင်ငွေ ငွေကျပ် ၇၀၀၀၀ မှ ငွေကျပ် ၈၀၀၀၀ ကြား ပုံမှန်ဝင်ငွေရရှိကာ တွက်ခြေကိုက်လျက်ရှိသည်။ ကံ့ကော်သပြေသည် အခြားသပြေများထက် ရာသီဥတုဒဏ် ပိုမိုခံနိုင်ခြင်း၊ အရွက်နုများမှာ အနီရောင်သန်းပြီး ကံ့ကော်ရွက်နှင့်ဆင်တူခြင်း စသည်တို့ကြောင့် ဈေးကွက်တွင် လူကြိုက်များပြီး အရောင်းသွက်လျက်ရှိကြောင်း သပြေစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။



DOCA (စစ်ကိုင်း)

## ပဲတီစိမ်းသီးနှံများ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ပဲတီစိမ်းသီးနှံများ ဧပြီလ(တတိယပတ်)မှစတင်၍ ဝင်ရောက်ခဲ့ပြီး ဩဂုတ်လ (တတိယပတ်)အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၄၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၃၀၀၀ ၊ တန်အားဖြင့် ၉၈ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကုန်သည်အများစုအနေဖြင့် ပဲတီစိမ်းများကို သိုလှောင်ထားရှိမှုနည်းပါးပြီး မန္တလေးဈေးကွက်သို့ ဆက်လက်တင်ပို့ရောင်းချကြကြောင်းနှင့် ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ DOCA (စစ်ကိုင်း)

## သရက်မြို့နယ်အတွင်း ထွက်ရှိသည့် ပဲတီစိမ်းဈေးနှုန်း ဈေးကွက်

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်သည် နှမ်း၊ ဝါနှင့် ပဲမျိုးစုံသီးနှံတို့ စိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ပဲတီစိမ်းသီးနှံများ စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ သရက်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကိုးပင်၊ မုံဇလီ၊ ထန်းရုံ၊ မဒင်း စသည့် ကျေးရွာများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံကို သရက်မြို့ ပွဲရုံများသို့ နေ့စဉ် လာရောက်ရောင်းချလျက်ရှိရာ ဩဂုတ်လဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀-၅၆၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ ဩဂုတ်လ (တတိယပတ်)တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၇၀၀၀-၅၈၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပွဲရုံတစ်ခုလျှင် တင်း ၂၀ ကျော်ခန့်ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။ DOCA (မကွေး)





# ဒေးဒရဲမြို့နယ်၌ မိုးစပါး ဧက ၁၇၄၉၃၀ စိုက်ပျိုးပြီးစီးသဖြင့် ထွန်တုံးပိတ်ပွဲကျင်းပ



**ဒေးဒရဲ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ဧက ၁၇၄၉၃၀ အပြည့်အဝ စိုက်ပျိုးပြီးစီးသဖြင့် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲကို ယနေ့နံနက် ၉ နာရီက ချောင်းဖျားကျေးရွာအုပ်စု တောင်သူဦးဝင်းမြင့်အောင်၏ လယ်မြေ ၁၀ ဧကတွင် ကျင်းပသည်။

ဒေးဒရဲမြို့နယ်ရှိ ဒေသခံတောင်သူများ စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ တစ်ဧက စပါး ၁၀ တင်းနှုန်း ထပ်တိုးထွက်ရှိရေးအတွက် ကျေးရွာများအရောက် အသိပညာပေးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စိုက်ကွင်းများအရောက် ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အဆိုပါ ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့သည်။ **အေဇာလင်း**

## မော်တော်ယာဉ်အမှတ် 3F/3490 (TOYOTA BELTA SPC 92) (စဲရောင်) လက်ဝယ်ရှိသူနှင့် အများသိစေရန်

**အထက်ဖော်ပြပါမော်တော်ယာဉ်မှာ ကျွန်တော်ဦးသန်းမြင့်သူမှ မော်တော်ယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွပိုင်ဆိုင်ပြီး သယ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊စံပြ(၃)လမ်း၊ အမှတ်(၆၅၂)တွင် နေထိုင်သူအောင်မိုးဦးဆိုသူအား လစဉ်ကြေးဖြင့် ငှားရမ်းခဲ့ရာတွင် (၁-၁၀-၂၀၂၁) ရက်နေ့တွင် ပျောက်ဆုံးသွားကြောင်း သိရှိခဲ့ရပြီးနောက် မင်္ဂလာဒုံ မြို့မရဲစခန်းတွင် ပြစ်မှုအမှတ် (ပ)၂၃၆/၂၀၂၁ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပါသည်။**

**သို့ပါသောကြောင့် အဆိုပါမော်တော်ယာဉ်အားလက်ဝယ်ထားရှိသူများအနေဖြင့် ပိုင်ရှင်ဖြစ်သူ ကျွန်တော်ဦးသန်းမြင့်သူထံ (၅-၉-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံးဆက်သွယ် ညှိနှိုင်းဆောင်ရွက်စေလိုပါသည်။**

**မှတ်ချက်။** **တွေ့မြင်ကြားသိသူ မည်သူမဆို ကျွန်တော့်ထံသတင်းပေးပို့ပါရန်မေတ္တာရပ်ခံအပ်ပါသည်။ (ထိုက်တန်စွာကျေးဇူးဆပ်ပါမည်)**

**ဦးသန်းမြင့်သူ (၁၀/ ခဆန (နိုင်)၀၉၉၆၄၅)**

အမှတ် (၂၄)၊ (၁၄)လမ်း၊ ဈေးရပ်ကွက်၊မူကြိုကျောင်းဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်ဖုန်းအမှတ်- ၀၉ ၄၃၁၆၃၁၄၁၊ ၀၉၄၂၃၇၅၄၆၇၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/59358, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ N.C.X MYANMAR Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(သာယာဝတီ)

## အလိမ္မာ စာမှာရှိ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄**

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်သက်စုလှိုင်**
**(မန္တလေးဘဏ်ခွဲ-၃)**
**(၎င်း၏ကိုယ်စား**
**တာဝန်ပေးအပ်ခြင်းခံရသူ ဦးနေမျိုးကျော်)**
**တရားလို တရားပြိုင်**

အထက်ပုံစံပါအမှုတွင် တရားပြိုင် ဒေါ်သက်စုလှိုင် (ဘ) ဦးချစ်လှိုင်မြင့် (၉/မနတ(နိုင်)၀၉၇၂၁၂)၊ အကွက်အမှတ် (၃၀၄)၊ ဒေးဝန်းပျော်ဘွယ်အနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ် (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာရှေ့ဆောင်ဘဏ် (မန္တလေးဘဏ်ခွဲ-၃) (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဦးနေမျိုးကျော်) က "အကြွေးဝယ်ကတ်မှ ထုတ်ယူသုံးစွဲခဲ့သော ချေးငွေအတိုးအရင်းပေါင်း (၅၄၀၃၅၃၆.၀၂) အပေါ် ဒီကရီရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်) နေ့ မွန်းမတည်မီ (၁၀း၀၀) အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အမှတ်(၃) ရပ်ကွက်၊ နယ်မြေ(၅)နေ ဦးကျော်ကြီး၏သမီး မမြင့်မြင့် ၁၃/ ကမန(နိုင်)၀၂၅၅၈၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၀-၁၉၆၆ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်**

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အမှတ်(၈) ရပ်ကွက်၊ နယ်မြေ(၁)နေ ဦးမွန်းဟန်၏သမီး နန်းခင်စန်းရီ ၁၃/ ကမန(နိုင်) ၀၀၄၂၃၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၄-၁၉၆၄ ဖြစ်ပါကြောင်း။

**နန်းခင်စန်းရီ**

## မိခင် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊(၇)အရှေ့ရပ်ကွက်၊ အမှတ် ၅၁/က၊ ၆-လွှာနေ နဝရတ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6မှ မောင်ညီထွေးလတ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဟန် ၁၂/တမန(နိုင်)၁၁၂၂၇၁၊ မိခင်အမည်မှန်မှာ ဒေါ်အေးအေးရီ ၁၂/တမန(နိုင်)၁၀၇၀၀၆ ဖြစ်ပါကြောင်း။

**ဦးဝင်းဟန်-ဒေါ်အေးအေးရီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဝမ်းတွင်းမြို့နယ်၊ သဲတော(၁) မြို့မရပ်၊ အကွက်အမှတ်(၁-၈)၊သဲတောအလည်ရပ်၊ မြေကွက်အမှတ် ၁၁၈၊ ဦးပိုင်အမှတ် ၄၉၊ မြေဧရိယာ ၀ဒသမ ၀၈၈ဧကပေါ်တွင် ဦးသန်းထိုက် ၉/ဝတန(နိုင်) ၂၁၇၇၄၁ မှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဦးသန်းထိုက် ဖုန်း-၀၉-၂၆၂၅၀၂၆၈၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၅) ၊ ကွင်း / အကွက်အမှတ် ( RA – V / ကွက်ပြင်ရပ်) ၊ဦးပိုင်အမှတ် (၁၉/၄၁)၊ မြေဧရိယာ (၀ ဒသမ၁၄၀) ဧကရှိ မြေကွက်အား မြေငှားဂရန် ( သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးနိုင်လင်းအေး ၉/ပဥလ (ဧည့်)၀၀၀၀၀၉ နှင့် ဦးမောင်မောင်ထွေး ( ၉ / ပဥလ ( ဧည့် ) ၀၀၀၀၁၀ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊အထက(၃)ကမာရွတ်မြို့နယ်Grade-12 မှ မလှလှ(ခ)မအောက်ကျမ်း ၁၂/ကမတ(နိုင်)၀၉၇၇၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအိုက်ဆေး ၁၃/တယန(နိုင်) ၀၁၁၂၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံခရိုင်၊ အောင်လံမြို့၊ အထက(၁)G-6 မှ မောင်သီဟ၏ ဖခင်အမည်မှန်မှာ ၈/အလန(နိုင်)၁၁၈၉၈၇ ဦးသူရဇော်ထွန်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၇-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဟေမာန်ဦး၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် လွှဲအပ်ညွှန်ကြားသူ ဒေါ်သီရိဟန်မျိုးဇော်အစား ဒေါ်သီရိဟန်မျိုးမော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်သီတာ (ဘ)ဦးစန်းမြင့်အောင် ၁၃/ပတယ(နိုင်) ၀၅၂၇၃၄မှ ဦးအောင်သက်နိုင်(ဘ)ဦးမြင့်အောင် ၉/ကပတ(နိုင်) ၁၄၃၄၇၇ထံ ပင်းတယမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၀-၁-၂၀၁၅)ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၈/၂၀၁၅)ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာ ၁၃/ပတယ(နိုင်) ၀၅၂၇၃၄ (ဖုန်း-၀၉-၂၅၉၀၅၇၆၃၃)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်သီတာ(ဘ)ဦးစန်းမြင့်အောင် ၁၃/ပတယ(နိုင်) ၀၅၂၇၃၄မှ ဦးကျော်သီဟ(ဘ)ဦးညွန့်ဆောင် ၉/မသန(နိုင်)၀၀၀၇၃၅ ထံ ပင်းတယမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၀-၁-၂၀၁၅)ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇/၂၀၁၅)ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာ ၁၃/ပတယ(နိုင်) ၀၅၂၇၃၄(ဖုန်း-၀၉-၂၅၉၀၅၇၆၃၃)**

## တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးစိန်ဝင်း၏သား ဦးအောင်ခိုင် ၇/တငန(နိုင်)၁၃၅၃၇၅ နှင့် တောင်ငူမြို့နေ ဦးဌေးဝင်း၏ သမီး ဒေါ်မိုးသန္တာဝင်း ၇/တငန(နိုင်)၁၂၅၂၂၂တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၈-၁၂-၂၀၂၂ ရက်က အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများ ကျွန်မနှင့်သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာမိုးဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၀/တောင်ပိုင်း)၊ ဦးပိုင်အမှတ် ၉၆၊ မြေကွက်အမှတ် ၂၉၈၊ မြေဧရိယာ ၀ဒသမ၀၂၂ရှိ မြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန်မိတ္တူ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/89247, Yamaha FZ-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းစိန် ၉/ပသက(နိုင်)၀၂၁၈၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## "Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း"

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနရှိ India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်-၂၆ နှင့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်-၂၉ တို့တွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည် -

| စဉ် | သင်တန်း | သင်တန်းကာလ | သင်တန်းသား ဦးရေ | | သင်တန်းကြေး |
|---|---|---|---|---|---|
| | | | ပြင်ပ | ဝန်ထမ်း | |
| ၁။ | Professional Diploma in Java Programming Course (DJP) | ၂၃- ၁၀-၂၀၂၃ မှ ၈-၄-၂၀၂၄ အထိ(၂၄ ပတ်) | ၂၀ | ၁၀ | ၃၀၀,၀၀၀ |
| ၂။ | Professional Certificate in Java Programming Course (J2SE) | ၁၈- ၉-၂၀၂၃ မှ ၁၀-၁၁-၂၀၂၃ အထိ (၈ ပတ်) | ၂၀ | ၁၀ | ၁၀၀,၀၀၀ |
| ၃။ | Professional Certificate in Network Development Course | ၂၂-၁-၂၀၂၄ မှ ၄-၄-၂၀၂၄ အထိ (၁၀ ပတ်) | ၁၅ | ၅ | ၁၃၀,၀၀၀ |
| ၄။ | Oracle Database 11g Course (SQL, PL/SQL and DBA) | ၂၀-၁၁-၂၀၂၃ မှ ၁၄-၁၂-၂၀၂၃ အထိ (၃ ပတ်) | ၁၅ | ၅ | ၁၀၀,၀၀၀ |
| ၅။ | Oracle Database 11g Course (SQL, PL/SQL and DBA) | ၁၁-၃-၂၀၂၄ မှ ၄-၄-၂၀၂၄ အထိ (၃ ပတ်) | ၁၅ | ၅ | ၁၀၀,၀၀၀ |

**မှတ်ချက်။** အမှတ်စဉ်(၁)သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ IT နှင့် ဆက်စပ်သည့် ဘွဲ့တစ်ခုခုရရှိပြီး၊ Java Programming အခြေခံရှိသူများဖြစ်ရမည်။
အမှတ်စဉ်(၂)သင်တန်းများအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇)နိုင်ငံအသိအမှတ်ပြု ITPEC Exam (IP/FE) အောင်မြင်ပြီး သူများ နှင့် Programming အခြေခံရှိသူများ ဖြစ်ရမည်။
အမှတ်စဉ်(၃)သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ဂျပန်နိုင်ငံမှကြီးမှူးကျင်းပသော (၇)နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများ နှင့် Networking အခြေခံရှိသူများဖြစ်ရမည်။
အမှတ်စဉ်(၄၊၅)သင်တန်းများအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ Database အခြေခံရှိသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှကြီးမှူးကျင်းပသော (၇)နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများဖြစ်ရမည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများ ဖြစ်ရမည်။
(ခ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ တက္ကသိုလ်/ ကောလိပ်/ ကျောင်း/ ဌာနများမှ စာပိုဒ်(၁)ပါ သင်တန်းသားအရည်အချင်းသတ်မှတ်ချက်၏ ဆက်စပ်ဘာသာရပ်ပို့ချ ဆရာ/ဆရာမများသည် ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ဖြေဆိုရန်မလိုအပ်ပါ။)
(ဂ) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။
(ဃ) သက်ဆိုင်ရာ မြို့နယ်ရဲစခန်း တစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ အချိန်ပြည့်သင်တန်းများ ဖြစ်ပါသည်။

၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်တွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်။

နေ့ရက် - **၁၂-၉-၂၀၂၃** (အင်္ဂါနေ့)
အချိန် - နံနက် ၁၀:၀၀ နာရီ
နေရာ - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်းမကြီး၊ လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

၅။ လျှောက်လွှာများကို သတင်းစာကြော်ငြာပါသည့်နေ့ရက်မှစတင်၍ သင်တန်းရေးရာဌာန၊ သတင်းအချက် အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့ ဆက်သွယ်ဝယ်ယူနိုင်ရန်နှင့် **၈-၉-၂၀၂၃** (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ရန် ဖြစ်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက email: training.ictrc@gmail.com, researchict.edu@gmail.com ပေးပို့ခြင်းနှင့် တယ်လီဖုန်း- ၀၉-၂၅၉၇၉၉၅၆၅၊ ၀၉-၉၇၁၃၄၈၇၈၅ သို့ ရုံးချိန်အတွင်း၌ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး ကျေးရွာနေ ဦးဘသန်း၏ သမီး ဒေါ်ခင်သန်းဦး ၅/ဇေန(နိုင်)၀၀၄၃၇၅၏ မွေးသက္ကရာဇ်အမှန်မှာ အထက်တန်းအောင် လက်မှတ်အရ ၁-၁၂-၁၉၆၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ဝါးချက် ကျေးရွာနေ ဒေါ်အိမာဝင်း ၅/စကန(နိုင်)၁၆၄၉၇၂ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၆-၁၉၇၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

နန်းပွင့်ဝါ (ဘ) ဦးကျော်သောင်း ၃/လဘန(နိုင်)၁၂၆၈၈၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH –313650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၅၂၅၈၈၈

## ပျောက်ဆုံးကြောင်း

စောအောင်ကျော်ဝင်း (ဘ) ဦးထွန်းရှိန် ၃/ဘအန(နိုင်) ၂၂၅၄၀၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၁၄၈၃၆၅၇

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်DD/9865 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-V/ ကွတ်ပြင်)၊ ဦးပိုင်အမှတ်(၂၂/က)၊ မြေကွက်အမှတ်(117-A)၊ မြေဧရိယာ(၂ဒသမ ၀၅)ဧကရှိ မြေအား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးတင့်ဆန်း ၁၄/မမန(နိုင်)၀၂၈၆၀၇ နှင့် ဒေါ်ဌေးဌေးငြိမ်း (၁၄/မမန(နိုင်)၀၂၇၄၉၆) တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-V/ ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၄၉/၂၆)၊ မြေဧရိယာ(၀ဒသမ၀၉၈)ဧကရှိ မြေအား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးတင့်ဆန်း ၁၄/မမန(နိုင်) ၀၂၈၆၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(BB/ မြနန္ဒာ)၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ(၀ဒသမ၈၃)ဧကရှိ မြေအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်ညို ၉/မမန(နိုင်)၀၇၂၈၃၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၀/ကျောင်းဆိုင်ရပ်)၊ ဦးပိုင်အမှတ် (၄၃) ဧရိယာ (၀ဒသမ၂၈၄)ဧကရှိမြေနေရာသည် ယခင်က ဒေါ်နန်းခမ်းစိန်အမည်ဖြင့် (၁၀)နှစ်သက်တမ်း မြေငှားဂရန်ရရှိခဲ့ပြီး ယခုအခါ အဆိုပါ မြေနေရာအား ဒေါ်နန်းခမ်းလှိုင်း ၁၃/သနန(နိုင်)၀၀၄၄၄၃ မှ ၎င်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ ထပ်မံအသစ် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း(၂၀)အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိန္နီမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

